

# လေဆန်တိုးပြီး မိုးမှာပျံ

မြတ်ငြိမ်း

SLOW DANCING
IN THE BIG CITY

BARRA GRANT

# အခန်း [၁]
# အင်္ဂါ(က)

သူ မွေ့လျော်စံပျော်သည့် အိမ်ခန်းမှာ အခန်းငယ်နှစ်ခန်းဖြင့် ဖွဲ့စည်းထားသည် ။ တစ်ခန်းက ဧည့်ခန်း၊ ကျန်တစ်ခန်းက အိပ်ခန်း။ အိပ်ခန်းနှင့် ဧည့်ခန်းကူးဖို့ တံခါးပေါက်တစ်ပေါက် ရှိသည် ။ တံခါးရွက်တော့ မရှိ။ သူ့အိမ်ခန်းက အနောက်ပိုင်းရပ်ကွက် အထက်ခြမ်းရှိ တိုက်တစ်တိုက်၏ တတိယထပ်မှာ ။ သူ့အိမ်ခန်းကလေးတွင် အနောက်ပိုင်းရပ်ကွက်၏ လူနေမှုအဆင့်ဂုဏ်အင်္ဂါရပ်များ အပြည့်အဝရှိပါသည် ။ မြင့်မားသော မျက်နှာကျက်များ ။ သုံးမရတော့သည့် မီးလင်းဖိုကြီး။ မညီမညာ သစ်သားကြမ်းခင်းများ ၊ နောက်ပြီး သည် အိမ်ခန်းကလေးကို စည်ကားသိုက်မြိုက်သော မြို့တော်မဟာအဖြစ် ပြောင်းလဲပစ်ဖို့ အင်အားစု ခြိမ်းခြောက်နေသည့် ပိုးဟပ်များ ။ လူးက သည် အခန်းမှ ပြောင်းပြေးဖို့ စဉ်းစားနေတာကြာပြီ။ စဉ်းစားရင်း၊ စဉ်းစားရင်းဖြင့် ရှစ်နှစ်တာကာလသာ လွန်မြောက်ခဲ့၏။ ပြောင်းဖို့ ရွှေ့ဖို့ အတွက် သူ့မှာ တစ်စက်ကလေးမျှ အချိန်မပို။ တစ်စက်ကလေးမျှ အားအင်မကျန်။ ပြောင်းရွှေ့ရေးထက် အရေးကြီးသည့် အလုပ်တွေသာ တစ်မျိုးမဟုတ်တစ်မျိုး ပေါ်နေခဲ့။ ပြောသာ ပြောရသည် ၊ သူက သည် အခန်းကလေးတွင် အထိုင်ကျနေပြီ။

ယခင်တစ်ပတ်လုံး ဝတ်ခဲ့သည့် အဝတ်ဟောင်းတွေက

ခေါ င်း အုံး စွ ပ် အ ဟော င်း တ စ် ခု တ ည်း မှာ ပြည့်သိပ်နေ၏။ တစ်စုံတစ်ယောက် လာအသိမ်းကို စောင့်စားနေသယောင်။ စနေညက ကစားခဲ့သည့် ဖဲချပ်များမှာ ပြတင်းပေါက်နားရှိ စားပွဲပုကလေးပေါ်တွင် ပြန့်ကျဲနေဆဲ။ စားပွဲပုကလေးပေါ် ထောင်ထားသည့် ရွှေရည်စိမ်ကလပ်ကြီးထဲတွင် မူ ဆေးလိပ်တိုများ ၊ ဆေးလိပ်ပြာများ ၊ ရွှေကလပ်၏ အောက်ခံသစ်သားခုံတွင် ကပ်ထားသည့် သတ္တုပြားၡ ကမ္ပည်းတင်ထားသည့် စာတန်းမှာ ...

**လူးဖရိလန်ဒါအား လူငယ်သတင်းထောက်များ အသင်းမှ ချီးမြှင့်သည့် ဆု၊ ၁၉၆၁ ခုနှစ်။**

နံရံကိုမှီထားသည့် ဆိုဖာကြီးက မတော်မတရားကြီးမားနေသည် ။ ပင်ကို အရောင်ရင့်ရင့်တွေ မှုန်ဝါးလွင့်ပြယ်ကုန်ပြီ။ အခန်းထောင့်ရှိ အစိမ်းရောင်မပီတော့သော လက်တန်းကုလားထိုင်ပေါ်တွင် အိပ်ရာခင်းကြီး လွှားတင်ထားသည် ။ စာအုပ်ဗီရိုထဲမှ စာအုပ်အချို့ ကြမ်းပေါ်သို့ လျှံထွက်ကျနေ၏။ ဖိုင်တွဲများ ထည့်သည့် ဗီရိုထဲတွင်လည်း စာအုပ်အချို့ရှိသည် ။ စာအုပ်များကြားတွင် ထိုးသိပ်ထားသည်မှာ လက်နှိပ်စက်ဖြင့် ရိုက်ထားသည့် စာမူများ ။

ဂျက်၏ တစ်ပတ်ရစ် အိမ်ထောင်ပရိဘောဂဆိုင်မှ ဝယ်ထားသည့် စာရေးစားပွဲကြီးက သီးခြားမြို့ငယ်ကလေး တစ်မြို့လို ရှုပ်ပွနေသည် ။ စားပွဲမျက်နှာပြင်ပေါ်တွင် မင်တွေစွန်းထင်းနေသည် ။ ထိုအပေါ်တွင် မှ ရည်ညွှန်းစာအုပ်တွေ၊ သတင်းစာတွေ၊ ရေးလက်စစာမူတွေ၊ မှတ်စုတွေ၊ နောက်ပြီး စာတိုက်မှ လာသည့် စာတွေက အထပ်လိုက်။ စာအိတ်များပေါ်တွင် လိပ်မူထားသည် မှာ လူးဖရိလန်ဒါ၊ မှ တစ်ဆင့် ဒေးလီးနယူးစ်သတင်း။ သည် စာတွေအားလုံးကိုပင် လူး ဖတ်ပြီးပြီ။

သည် စာတွေကို ပြန်ကြားရသည့် အလုပ်ကြောင့် ပင် လူးက နာရီလက်တံများကို ဆွဲရပ်ထားချင်ခြင်း ဖြစ်၏။ တစ်ခါကတော့ အတွင်းရေးမှူးတစ်ယောက်ခန့်ထားဖို့ ကြိုးစားခဲ့သေးသည် ။ သို့သော် အတွင်းရေးမှူး အမျိုးသမီးသည် ပထမနေ့အလုပ်ဆင်းပြီးသည် နှင့် တစ်ချီတည်း နုတ်ထွက်စာပါ တင်သွားသည် ။

စားပွဲတင်မီးတိုင်မှ အစိမ်းရောင် ဖန်အုပ်ဆောင်းပေါ်မှာ ဖုန်တွေ။ သန့်ရှင်းရေးအလုပ်သမကြီးသည် ဧပြီလက နောက်ဆုံးတစ်ခေါက် လာသွားသည် ။ သူ လာပြီးသည့် နောက်ပိုင်း လူးမှာ တစ်လလုံးလုံး ဒုက္ခအကြီးအကျယ် ရောက်ခဲ့ရသည် ။ သူ့ပစ္စည်းတွေမှာ မူလနေရာတွင် မရှိတော့သဖြင့် အမျိုးသမီးကြီး သိမ်းဆည်းသွားသည့် နေရာတွေကို မနည်းရှာယူရသည် ။ သည် ကတည်းက သန့်ရှင်း ရေးအလုပ်သမကြီးကိုလည်း နောက်ထပ် မခေါ်ဝံ့တော့။

လူး စာရေးစားပွဲတွင် ထိုင်ရင်း တစ်ချက်သမ်းလိုက်၏။ အချိန်က နံနက် ၄ : ၁၅။ အင်္ဂါနေ့ နံနက်။ သူသည် တနင်္ဂနွေနေ့ကစပြီး တစ်မှေးမျှ မအိပ်ရသေး။ ကနဦးတုန်းကတော့ တနင်္လာနေ့ထုတ်သတင်းစာမှာ ပါမည့် သူ့ဆောင်းပါးတွင် အက်စ်ကီးမိုးတစ်ယောက် အကြောင်းရေးဖို့ စဉ်းစားထားသည် ။ သို့သော် မရေးဖြစ်ခဲ့။ အမှတ် ၃၁ ရဲစခန်းမှ ရဲကြပ်ကြီးဟာင်နက်ဆီက သူ့ဆီ တယ်လီဖုန်းဆက်သည် ။ လူး စိတ်ဝင်စားသည့် အမှုတစ်မှု ရောက်နေကြောင်း သတင်းပေးသည် ။

ရဲစခန်းထဲတွင် လူး တွေ့ရသည် မှာ ကိုးနှစ်သားအရွယ် ပွာတိုရီကန်လူမျိုး မာတီအိုဗာရာဆိုသည့် ကောင်လေးတစ်ယောက်။ ဟာင်နက်ဆီ၏ စားပွဲရှေ့မှာ ထိုင်နေသည် ။ သူ့လက်ထဲတွင်

သစ်သားတူတစ်စုံ ကိုင်ထားသည် ။ သစ်သားတူနှစ်ချောင်းကို ဒရမ်တီးသည့် တုတ်ပမာသဘောထားပြီး ချာတိတ်က ဟင်နက်ဆီ့စားပွဲကို ခေါက်နေသည် ။ သူ ခေါက်နေသံက နာပျော်ဖွယ်သံစဉ်တစ်ခုဖြစ်ပေါ်နေ၏။

ချာတိတ် ရဲစခန်းသို့ရောက်လာရခြင်းမှာ တီစီအမည်ရှိ သူ့အစ်ကိုကို ဖမ်းချင်သောကြောင့် ပင်။ တီစီက ဘိန်းဖြူရောင်းသူတစ်ဦး။ တီစီကို ရဲအဖွဲ့က ဘိန်းဖြူမှုဖြင့် ဖမ်းချင်သည် ။ သို့သော် သက်သေအထောက်အထားမရှိ။ မာတီက တီစီ၏ အဆွယ်အပွားကလေး။ မာတီကို အစ်အောက် ထုတ်လျှင် တစ်စုံတစ်ရာ သိရလိမ့်မည်ဟု ဟင်နက်ဆီတို့ မျှော်လင့်ထားသည် ။ မာတီကို တစ်နေ့လုံး လှည့်ပတ်မေးခွန်းထုတ်ကြသည် ။ သို့ပေမဲ့ မာတီက တစ်ခွန်းမျှမဟ။ ပါးစပ်ပိတ်ထားသည် ။ မျက်နှာကျက်ကိုပဲ မော့ကြည့်နေသည် ။ သူ့ကြည့်ရသည် မှာ ပျင်းရိငြီးငွေ့နေပုံ။ သို့ဖြင့် ရဲအဖွဲ့က ဖမ်းထားသည့် တီစီကို ပြန်လွှတ်လိုက်ရသည် ။

တီစီ ပြန်သွားတော့ လူးက ရဲစခန်းတွင် ကျန်ခဲ့သည့် မာတီကို ခေါ်ထုတ်လာသည် ။ လမ်းဘေးဆိုင်တစ်ဆိုင်တွင် အသားညှပ်ပေါင်မုန့် ဝယ်ကျွေးသည် ။ ချာတိတ်က လျင်သည် ။ ခေါင်းမာသည် ။ သူ့အစ်ကိုကိုလည်း ဦးထိပ်ထား မြတ်နိုးသည် ။ အစ်ကိုကြီးတီစီက သူ့အား ဘိန်းဖြူထိုးပေးကြောင်း တစ်စွန်းတစ်စ ပြောပြသည် ။ လူးက အသေးစိတ်သိရအောင် အားထုတ်တော့ ချာတိတ် ဆက်မပြော။ ရေငုံနှုတ်ပိတ်နေတော့၏။ ချာတိတ်စိတ်ဝင်စားသည် မှာ တစ်ခုတည်း။ ဒေးလီးနယူးစ် သတင်းစာတွင် ပါနေသည့် လူး၏ ဆောင်းပါးတွေ။ မာတီက သတင်းစာထဲတွင် သူ့နာမည်ပါစေချင်သည် ။ သူ့နာမည်ပါဖို့ ဖန်တီးပေးနိုင်ကြောင်း လူးက ချာတိတ်ကို ကတိပေးလိုက်သည် ။

နောက်နေ့ကျမှ ကျောင်းကစားကွင်းမှာ လာတွေ့မည်ဟု ချိန်းလိုက်သည် ။

လူးက ကုလားထိုင်ကို ကျောမှီထိုင်ရင်း ကောင်လေးအကြောင်း စဉ်းစားနေသည် ။ ချိန်းထားသည့် နေ့ သည် နေ့၊ အင်္ဂါနေ့။

သူ့လက်နှိပ်စက်အိုကလေးထဲသို့ စာရွက်တစ်ရွက် ထည့်လိုက်သည် ။ မျက်စိတွေက ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရတော့။ မျက်တောင်တွေ ပုတ်ခတ် ပုတ်ခတ် လုပ်လိုက်တိုင်း မျက်စိထဲတွင် ဖန်ကွဲမှုန့်ကလေးတွေ ဝင်နေသလို ကျိန်းစပ်နေ၏။ သက်ပြင်းတစ်ချက် ချလိုက်သည် ။ ဗိုက်ကို ကုတ်မိသည် ။ သူ့တစ်ကိုယ်လုံး နံစော်နေရော့မည်။ ပင်ပန်းနွမ်းနယ်လွန်းသဖြင့် ဘယ်လောက်နံစော်နေပြီဆိုသည် ကိုပင် မစဉ်းစားချင်တော့။

သူက အရမ်းအလုပ်များ သည် ။ အလုပ်မများ သည့် အချိန်တွေကျတော့လည်း လူပန်းစိတ်ပန်း ဖြစ်နေသည် ။ တစ်ခါကတော့ အချိန်ဇယားနှင့် အလုပ်လုပ်ဖို့ ကြိုးစားကြည့်ဖူးသည် ။ သို့သော် အလုပ်မဖြစ်။ သူက သည် နေ့လုပ်ရမည့် အလုပ်အတွက် အချိန်ဇယားကို ကြည့်သည် ။ သို့ကြည့်နေချိန်တွင် မှ လွန်ခဲ့သည့် နှစ်ပတ်က ရေးလက်စဆောင်းပါးကို အဆုံးမသတ်ရသေးကြောင်း သတိရလာသည် ။

နေ့ခင်းနေ့လယ်ဆို လူးသည် မြို့ထဲတစ်ခွင် ပြဲပြဲစင်အောင် ဦးတည်ရာမဲ့ လျှောက်သွားနေစမြဲ။ ဆောင်းပါးရေးဖို့ အချက်အလက်တွေ၊ ဓာတ်လမ်းတွေ၊ ရှာနေကျ။ ညနေပိုင်းကျမှ စာရေးခြင်း အလုပ်ကို လုပ်သည် ။ သူ့အရေးအသားက ကျစ်လျစ်သည် ။ ရိုးရှင်းသည် ။ ဆောင်းပါးတစ်ပုဒ်လျှင် စာလုံးရေ

ထောင့်ငါးရာထောက်ပဲ ရေးသည် ။ တစ်ပတ်လျှင် သုံးရက်ပါသည် ။ သည် ဆောင်းပါးတွေက သူ့ကို အောင်မြင်ကျော်ကြားစေသည် ။ သူကတော့ သူ့ဆောင်းပါးတွေအကြောင်း ပြောလေ့ပြောထမရှိ။ သည် ဆောင်းပါးတွေကို သူဘယ်လောက်တန်ဖိုးထားကြောင်းလည်း နှုတ်ဟစကားဆို လေ့မရှိ။ များ သောအားဖြင့် သူက အငှားယာဉ်မောင်းတစ်ယောက်လိုသာ ပြောလေ့ပြောထရှိ၏။ အထက်တန်းလွှာနာမည်ကြီးတွေ နိုင်ငံရေးသမားတွေကို ရှောင်သည် ။ သူ့ဆောင်းပါးတွေက ပြည်သူတွေအကြောင်းရေးသည့် ဆောင်းပါးတွေ။

နယူးယောက်မှာ တော့ နာမည်ကြီး။ သို့ပေမဲ့ သူက ကိုယ်ပျောက်ဆောင်းပါးရှင်။ ဆောင်းပါးထိပ်တွင် ဖော်ပြလေ့ရှိသည့် သူ့ဓာတ်ပုံက သေးသေးလေး။ ဘာမျှအဓိပ္ပာယ်မရှိ။ သည် ဓာတ်ပုံကို ကြည့်ရုံဖြင့် အပြင်မှာ သူ့ကို ဘယ်သူမျှမမှတ်မိနိုင်။ သို့ပေမဲ့ သူ့ဆောင်းပါးများကို လူပေါင်းငါးသန်းမျှ ဖတ်နေကြသည် ။ န ယူး ယော က် မြို့ တော် မှာ သူက သူရဲကောင်းတစ်ယောက်။ နယူးယောက်၏ တစ်ကိုယ်တော်လူစွမ်းကောင်း။ သူက ရေးစရာရှိလျှင်ရေးမည်။ ပြီးလျှင် သူ့ခရီး သူဆက်မည်။ သည် လိုနေရတာကိုပဲ ကြိုက်သည် ။ သူသည် လွန်ခဲ့သည့် ဆယ်နှစ်ကတည်းက ဝတ်ခဲ့သည့် ဝတ်စုံဟောင်းကြီးကို ဝတ်ပြီးလည်း သွားလာလှုပ်ရှားနိုင်သည် ။ ဘယ်သူ့ကိုမျှ ဂရုစိုက်နေစရာမလို။ ညှော်ခံပွဲတွေကို မသွား။ အလုပ်ပဲ ကျုံးလုပ်သည် ။ ခြေကုန်လက်ပန်းကျကာ ဗုန်းဗုန်းလဲပြီး အိပ်ပျော်မနေလျှင် သူက အလုပ်လုပ်ချင်နေသူ။

ကုလားထိုင်တွင် မတ်မတ်ထိုင်ရင်း လက်ချောင်းကလေးတွေကို တစ်ချောင်းချင်း ချိုးနေမိ၏။ ဆောင်းပါးကို နံနက် ရှစ်နာရီမထိုးခင်

တိုက်သို့ အရောက်ပို့ပေးရမည်။ ကြိုးစားပြီး ဆောင်းပါးထဲ အာရုံသွင်းနေရသည် ။ အဆီအသားပါမည့် နိဂုံးချုပ်စာကြောင်းလေးတစ်ကြောင်း လိုနေသည် ။

ဇာ တ် လ မ်း မှာ ကမွတ်ဆိုသည့် အက်စ်ကီးမိုးတစ်ယောက်အကြောင်း။ နာမည်က တစ်လုံးတည်း။ ကမွတ်။ သည် လူက ရေနစ်သေမည့် ဂျူးတစ်ယောက်ကို ကယ်ဆယ်ခဲ့သူ။ ဘရွတ်ကလင်း တံတားပေါ်မှ အရှေ့မြစ်ထဲ ခုန်ချသူမှာ ထိပ်ပြောင်ပြောင် ဂျူးတစ်ယောက်။ သူ့နာမည်က မိရှန်ဖစ်ရှာ။ အလုပ်က စာရင်းကိုင်။ သူ့မိဘများကို ရုရှနိုင်ငံမှ ခေါ်မထုတ်နိုင်သဖြင့် စိတ်ဓာတ်ကျနေသူ။

ထိုအချိန်တွင် ကမွတ်ကလည်း စိတ်ဓာတ်ကျနေသူ။ သူစိတ်ဓာတ်ကျရခြင်းမှာ သူ့ချစ်သူ ဒိုရာအမည်ရှိ ဆံပင်နီမလေးနှင့် တွေ့ဖို့ နယူးယောက်သို့ တကူးတကလာခဲ့၏။ ဒိုရာက နန်းရပ်ကွက်ပိုက်လိုင်းကြီးနားရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်သည် ။ နယူးယောက်သို့ ကမွတ်ရောက်လျှင် သူ့ဆီလာခဲ့ဖို့ ဒိုရာကမှာ ထား၏။ အက်စ်ကီးမိုးလေးသည် ငွေကြေးစုဆောင်းပြီး နယူးယောက်သို့ လာခဲ့သည် ။ လွန်ခဲ့သည့် ကြာသပတေးနေ့က ရောက်သည် ။ ဒိုရာအလုပ်လုပ်သည့် ဖန်သားဖိနပ် စားသောက်ဆိုင်ကို ရှာသည် ။ ဆံပင်နီမလေး ဒိုရာကို မေးသည် ။ သို့သော် ဒိုရာသည် လွန်ခဲ့သည့် သုံးလကတည်းက ပျောက်သွားကြောင်း ဟိုတယ်လူမိုက်တစ်ယောက်က ပြောပြလိုက်သည် ။ သို့ဖြင့် ကမွတ်မှာ ဦးတည်ချက်ပျောက်ပြီး စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြင့် ခြေဦး တည့်ရာ လျှောက်သွားနေမိ၏။ နောက်ဆုံး ဘရွတ်ကလင်းတံတားပေါ်ရောက်တော့ ဒိုရာ့ဓာတ်ပုံ ကလေးကို

အိတ်ထဲမှ ထုတ်ပြီး အကြိမ်တစ်ရာမြောက် ကြည့်သည် ။ ဒိုရာ နှုတ်ခမ်းဖြင့်နမ်းထားသဖြင့် နှုတ်ခမ်းနီရာထင်နေသော ဓာတ်ပုံကလေး။ ထိုသို့ ဓာတ်ပုံကလေးကြည့်ပြီး လွမ်းနေခိုက်မှာ ပင် မီးရှန်ဖစ်ရှာ မြစ်ထဲကျသွားသည် ကို မြင်လိုက်ရ၏။ ကမွတ်က ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းပြီး ဖစ်ရှာကို ကယ်လိုက်၏။ ထိုသို့ ဒိုင်ဗင်ထိုးအဆင်းတွင် ဒိုရာ့ဓာတ်ပုံလေးမှာ လေနှင့် အတူလွင့်ပါပြီး ပျောက်ဆုံးသွားသည် ။

ရဲကြပ်ကြီးဒေးဗစ်က ဖစ်ရှာကို ဘာကြောင့် သက်စွန့်စံဖျား လိုက်ကယ်သလဲဟု မေးသောအခါ ကမွတ်က ဘာကြောင့် ကယ်မိမှန်းမသိကြောင်း၊ ကယ်ရမည်ဟူသောအသိ ဖျတ်ခနဲပေါ်လာသောကြောင့် ကယ်ခဲ့ခြင်းဖြစ်ကြောင်း ပြောပြသည် ။ ခုလိုကယ်တင်ပြီးသည့် နောက် ကမွတ် ဘာလိုချင်သလဲဟု မေးသည့် အခါ သူအလိုချင်ဆုံးမှာ ဒိုရာ့ဓာတ်ပုံလေး ပြန်ရဖို့ ပဲဖြစ်ပါသည် ဟု ဖြေခဲ့၏။

နောက်တစ်နေ့တွင် အနောက်ပိုင်း ၂၈ လမ်းရှိ ကမွတ်တည်းခိုသည့် ဟိုတယ်အခန်းကို တစ်စုံတစ်ယောက် တံခါးလာခေါက်၏။ တံခါးဖွင့်လိုက်သောအခါ ကမွတ်တွေ့ရသည် မှာ ပြုံးပြုံးကြီးရပ်နေသည့် ဒိုရာ ဖြစ်၏။ ဒိုရာက သတင်းစာဖတ်ပြီး ကမွတ်ရှိရာသို့ လိုက်လာခဲ့ခြင်း ဖြစ်၏။

တနင်္ဂနွေညက ‘နှင်းဆီဖြူ’ စားသောက်ဆိုင်တွင် လူး သူတို့ မောင်နှံနှစ်ယောက်နှင့် တွေ့ဆုံမေးမြန်းခဲ့၏။

လူးက တစ်ချက်သမ်းလိုက်ရင်း သူတို့ နှစ်ယောက်နှင့် တွေ့ဆုံခဲ့ရသည် ကို ပြန်စဉ်းစားနေ၏။ တွေ့ဆုံရသည့် နေရာက

သိပ်ခမ်းခမ်းနားနား မဟုတ်လှ။ စိတ်ကူးယဉ်ချင်စရာ နေရာထိုင်ခင်းမျိုးလည်း မဟုတ်။ သို့သော် ကမ္ဘွတ်နှင့် ဒိုရာတို့ က တခြားကမ္ဘာဘာတစ်ခုထဲ ရောက်နေကြလေသည် ။ တွေ့ဆုံစကားပြောရသည့် မြင်ကွင်းကို မျက်စိထဲ ပြန်မြင်ယောင်ရင်း လူး ပြုံးလိုက်မိ၏။ နိဂုံးချုပ်ရမည့် အကြောင်းကလေး ခေါင်းထဲပေါ် လာပြီး ထုံးစံအတိုင်း လက်ညှိုးနှစ်ချောင်းဖြင့် လက်နှိပ်စက်ကို ရိုက်လိုက်သည် ။ ဆောင်းပါး၏ နိဂုံးချုပ်စာလုံးတွေ ပေါ်လာသည် ။

ဒိုရာနှင့် ကမ္ဘွတ်၏ နောက်ဘက်ရှိ စားပွဲတွင် အဘိုးအိုနှစ်ယောက် မကျေနပ်ချက်များကို မြည်တွန်တောက်တီးနေကြ၏။ သူတို့ မြည်တွန်တောက်တီးနေသည် မှာ နယူးယောက်မြို့တော်အကြောင်း၊ မြို့တော်တွင် နှလုံးသားကင်းမဲ့နေကြပြီ ဖြစ်ကြောင်း၊ သည် မြို့တော်တွင် အကောင်းနှင့် ယှဉ်သော ဖြစ်ရပ်ဟူ၍ ဘယ်တော့မျှဖြစ်ပေါ်တော့မည်မဟုတ်ကြောင်း သည် ဘက်စားပွဲတွင် ပြုံးရယ်နေသော အက်စ်ကီးမိုးလေးက သူ့ဆံပင်နီမလေး၏ မျက်လုံးများကို စိုက်ကြည့်နေရာ ကောင်မလေးက စားပွဲပေါ်တင်ထားသည့် သူ့ကောင်လေးလက်ကို လှမ်းယူဆုပ်ကိုင်လိုက်သည် ။ သည် မြင်ကွင်းကိုမူ အဘိုးနှစ်ယောက် သတိမမူမိကြပါချေ။

လက်နှိပ်စက်ထဲမှ စာရွက်ကို ဆွဲထုတ်၏။ နောက်ဆုံးစာပိုဒ်ကို ပြန်ဖတ်ကြည့်သည် ။ ကောင်းသလား မကောင်းသလားတော့ မသိတော့။ ဦးနှောက်တွေ ဆူဝေနေပြီ။ စာရေးစားပွဲမှ ထ လိုက်၏။ ခြောက်လစာ ဖုန်ထူထပ်နေသည့် မီးအုပ်ဆောင်းအောက်မှ မီးလုံးကို ပိတ်၏။ အိပ်ခန်းဘက်သို့ ဦးတည်ရွေ့လျားသည် ။

ဪ ... ခုတင်ပေါ်မှာ ဖရန်နီပါလား။ ကွေးကွေးလေး အိပ်နေသည် ။ တရှူးရှူးအသံမြည်လျက်။ လူး ကြောင်ကြည့်နေ၏။ ဖရန်နီကို မေ့နေမိသည် ။ ဖရန်နီက ခြသေ့်ဦးကလပ်မှာ အလုပ်လုပ်သည် ။ လူးက တနင်္လာညနှင့် ကြာသပတေးညတိုင်း ဖရန်နီကို သူ့အခန်းသို့ ခေါ်လာနေကျ။ မနေ့ညကတော့ သူတို့ နှစ်ယောက် တစ်နာရီလောက်အချစ်ပလူးပြီး လူးက အလုပ်ဆက်လုပ်နေခဲ့သည် ။

ဖရန်နီ အိပ်မောကျနေသည် ။ မျက်နှာပေါ်တွင် ဆံပင်တွေ ပြန့်ကျဲလျက်။ ပါးပေါ်တွင် မျက်ခန်းခြယ်ဆေးတွေ အကျည်းတန်စွာ ပေနေ၏။ ဖရန်နီက မျက်နှာကို ဆေးမခြယ်ဘဲ မနေနိုင်သူ။ သည်လိုဆေးခြယ်မှ ပိုလှသည် ဟု ထင်နေသူ။ တကယ်တော့ ဆေးခြယ်နေလည်း အပိုပါပဲကွာဟု ပြောလိုက်ချင်၏။ သို့ပေမဲ့ လူးသည် လောက်နှင့် နင့်သီးသီး မပြောချင်။ မပြောရက်။

လူး အသက်အောင့်ပြီး ခုတင်ပေါ် အသာလေးဝင်လှဲသည် ။ စောင်ခြုံသည် ။ ခေါင်းအုံးတော့ မရှိ။ ခေါင်းအုံးနှစ်လုံးစလုံး ဖရန်နီဆီ ရောက်နေသည် ။ ကိစ္စမရှိ။ အရေးကြီးတာက ဖရန်နီ နိုး လာပြီး စကားတွေ တွတ်ထိုးမနေဖို့ ပဲ။ မျက်စိတွေမှိ တ်၊ အိပ်။ လက်နှိပ်စက်မရိုက်တော့။ စကားလုံးတွေ စာကြောင်းတွေ မေ့ထားလိုက်။ ငိုက်မျဉ်းလာသည် ။ မျက်ခွံတွေ လေးလာသည် ။ အိပ်စက်ခြင်းကမ္ဘာသို့ သွားရသည် မှာ အရသာရှိလိုက်ပါဘိခြင်း။ တစ်ခုပါပဲ၊ ခေါင်းလောင်းသံ။ တဂွမ်ဂွမ်မြည်နေသည့် ခေါင်းလောင်းသံ။ သူ၏ ညာဘက်နားအုံထဲသို့ မဟားတရားတိုးဝင်နေသည့် ခေါင်းလောင်းသံ။

လူး တွန့်ခနဲ ဖြစ်သွားသည် ။ မျက်လုံးတွေ ဖွင့်လိုက်ရ၏။ ခုတင်နံဘေးရှိ စားပွဲပုကလေးပေါ်တွင် တဂွမ်ဂွမ်မြည်နေသည့် တယ်လီဖုန်းကို လှမ်းကိုင်သည် ။

"ကဲ... ဆိုစမ်း၊ ဘာတွေ ဖြစ်နေကြတာလဲ"

"မင်္ဂလာမနက်ခင်းပါ မစ္စတာဖရီလန်ဒါ။ ကျွန်မ ဆရာ့ဆက်သွယ်ရေးဌာနက မီးဒရက်ပါ"

လူးက တယ်လီဖုန်းကို နားနှင့် အနည်းငယ်ခွာထားလိုက်၏။ မွန်းတည့်ချိန်မတိုင်မီ သူ့ဆီ ဘယ်သူမျှ တယ်လီဖုန်းမဆက်ရဟု ညွှန်ကြားထားသည် ပဲ။ ညဘက်မှာ မှ သူစာရေးလေ့ရှိကြောင်း သည် ကောင်မတွေကို ပြောထားလျက်သားနှင့် ။

"မီးဒရက်၊ မင်းတို့ ကို ငါပိုက်ဆံပေးထားတာက ငါ့ကို အိပ်ရာက နှိုး ဖို့ မဟုတ်ဘူး ကွ။ မင်းတို့ လခတိုးလိုချင်လား။ ကဲ .. ပြောကွာ ဘယ်လောက်တိုးပေးရမလဲ"

"မဟုတ်ပါဘူး ဆရာ၊ ဒါပေမဲ့ ..."

"အခု နေတောင် မထွက်သေးဘူး၊ ငါက အိပ်ရာကထနေရပြီကွ။ ကဲ ... အဲဒါ ဘာသဘောလဲ မီးဒရက်၊ ပြောစမ်း"

မီးဒရက် သက်ပြင်းချသည် ။ ပြီးမှ ချိန်ချိန်ဆဆပြောသည် ။

"ကျွန်မဆီ လူတစ်ယောက် ဖုန်းဆက်နေပါတယ်။ မစ္စတာ ဂျက်ဂတ်ဖီတဲ့ ။ ဒီလူက အရေးကြီးလို့ ဆိုပြီး ပူညံပူညံ လုပ်နေပါတယ်။ သူက ဆရာရဲ့ ဆရာလို့ လည်း ပြောပါတယ်"

"ဒီမယ် မီးဒရက်၊ ငါ့မှာ ဆရာဆိုလို့ ဘယ်ကောင်မှ မရှိဘူး။ ငါက ငါ့မြင်းငါစိုင်းနေတဲ့ ကောင်ကွ"

ဂတ်ဖီဆိုကတည်းက အနှောင့်အယှက်ပေးတော့မည်၊ ဒုက္ခပေးတော့မည်ဆိုတာ သိနေသည် ။

"လူး … ဟဲလို လူး"

ဂတ်ဖွီအသံက ကြံရာမရ ဖြစ်နေသည့် လေသံ။

လူး စကားပြောခွက်ကို နားနှင့် ပိုဝေးအောင် ခွာထားလိုက်ရ၏။ အင်း … ပြဿနာတစ်ခုခုတော့ဖြစ်ပြီ။ ဂတ်ဖီဆိုသည့် ငနဲက 'ဒေးလီးနယူးစ်' နေ့စဉ်သတင်းစာမှ အယ်ဒီတာတစ်ဦး။ သူ့အလုပ်က ပင်ပန်းသည် ။ လူးထက် အိပ်ချိန်နည်းသူ။ လူးထက် အချိန်အအားမရသူဆိုလို့ ဂတ်ဖီတစ်ယောက်ပဲ လူး တွေ့ဖူးသည် ။ ဘာပဲဖြစ်နေဖြစ်နေ သည် ငနဲအပေါ်လည်း လူး ကရုဏာတွေ ပွားများမနေနိုင်။

"ဂတ်ဖီ၊ မောင်ရင့်ကို ကိုယ်သတ်မိတော့မယ်။ မောင်ရင် ဘာလုပ်နေတာလဲ။ ညအယ်ဒီတာ ဟားရီးယတ်နဲ့ အဖွဲ့သားတွေကို နှုတ်ဆက်၊ ပြီးရင် မောင်ရင့် အကောင်းစားဝတ်စုံကြီးကို ချွတ်ပြီး အိပ်တော့ပေါ့ကွ"

"ဟော့ … လူး၊ ၁၆၁ လမ်းနဲ့ ဘရော့ဝေးလမ်းထောင့်မှာ မီးလောင်နေတယ်ကွ" ဂတ်ဖီ ပြန်အော်၏။

"အဲဒါ ဘာဖြစ်လဲ၊ ဝိုင်းငြိမ်းလိုက်ကြပေါ့"

"ချာတိတ်တွေအားလုံး တာဝန်ကိုယ်စီနဲ့ ပြေးလွှားနေကြတယ် လူးရဲ့ "

ဂတ်ဖီ ကြံရာမရ အသံဖြင့် ပြောနေ၏။

"သမစ်ဖီးဆီ တယ်လီဖုန်းဆက်တာလည်း ပြန်မဖြေဘူး"

"အဲဒါ ဘာဖြစ်လဲ၊ စာတစ်စောင် ပို့လိုက်ပေါ့။ ဟော့လူ ... မောင်ရင် ဘာဖြစ်နေတာလဲ။ ကိုယ့်ကို နှလုံးလေရိုက်ပြီး သေအောင်လုပ်နေတာလား၊ ကိုယ် တနင်္ဂနွေနေ့ကစပြီး ခုထိ တစ်မေးမှ မမေးရသေးဘူးကွ"

"လူး .... ဒီကိစ္စလေးတော့ မောင်ရင် ကူညီပါကွာ၊ တောင်းပန်ပါရစေ"

"ခဏနေဦး"

လူး အိပ်ရာမှ ထ၏။ တယ်လီဖုန်းကိုကိုင်ရင်း ရေချိုးခန်းဆီ သွားသည် ။ ရေပိုက်ခေါင်းဖွင့်ပြီး ဦးခေါင်းပေါ် ရေအေးအေးဖြင့် ဆွတ်သည် ။ ပြီးတော့ နံရံကပ် ဆေးသေတ္တာကလေးကို လှမ်းကြည့်သည် ။ ဆေးသေတ္တာမှန်ထဲတွင် ထင်ဟပ်နေသည့် သူ့အရိပ်က တစ္ဆေလိုလို၊ သရဲလိုလို၊ သမိုင်း ခေတ်ဦးက သတ္တဝါကြီးတစ်ကောင်လိုလို။ သူ့ရုပ်သူကြည့်ပြီ ဆတ်ခနဲ တွန့်သွားမိ၏။

ရေချိုးခန်းမှ ပြန်ထွက်သည် ။ ဧည့်ခန်းသို့ သွားသည် ။ ဧည့်ခန်းထဲရှိ လိုင်းခွဲဖုန်းတစ်လုံးကို ကောက်ကိုင်သည် ။

"ပြောပြော နားထောင်နေတယ်"

"လူးရယ် ... ကိုယ်ကျိန်ပြောဆို ပြောရဲပါတယ်။ အဲဒီ မီးသတင်းယူဖို့ ကိုယ့်ဆီမှာ တစ်ယောက်မှ မရှိလို့ ပါကွာ"

"ဂတ်ဖီ ကျုပ်ကို အဲဒီဖြီးလုံးမျိုးနဲ့ လာမဖြီးနဲ့ ။ ဖရက်က ဘယ်သွားနေလဲ။ ကယ်ပင်တန်ကကော၊ ဒီကောင်တွေ ဘယ်လျှောက်အလေလိုက်နေကြလဲ"

"ဖရက်က အဓိကရုဏ်းသတင်းယူဖို့ ဘရွန့်ကို ရောက်နေတယ်။ ကယ်ပင်တန်က မြို့တော်ဝန်အိပ်ရာအထကို သွားစောင့်နေရတယ်။ ဒီမီးသတင်းယူဖို့ မောင်ရင် နာရီဝက်လောက်ပဲ အချိန် ပေးရမှာ ပါ လူးရာ"

"ဟေ့လူ ဂတ်ဖီ၊ မိုဟာမက်အလီရဲ့ နာမည်၊ ကယ်စီးယပ် ကလေးဘဝကတည်းက ကျူပ်သည် သတင်းတွေကို မရေးတော့ဘူးလေ။ ဆောင်းပါးတွေပဲ ရေးနေခဲ့တာမဟုတ်လား။ မောင်ရင် ကျုပ်ကိုပေးနေတာလည်း ဆောင်းပါးခပဲ မဟုတ်လား။ ဒီတော့ မောင်ရင် ကိုယ့်ဆီကရမှာ လည်း ဆောင်းပါးပဲပေါ့"

ခဏ စောင့်နေလိုက်၏။ တစ်ဖက်မှ ဂတ်ဖီ သက်ပြင်းချ၏။ စိတ်ပျက်လက်ပျက် သက်ပြင်းရှည်ကြီး။

"တစ်ဆိတ်လောက် လူးရယ်၊ ကိုယ် မောင်ရင့်ကို ကျေးဇူးပြန်ဆပ်ပါ့မယ်။ ခုတစ်ချီတော့ ကူညီပါကွာ။ နော် ... မောင်ရင် မင်ဟက်တန်က ငနဲမလေးကို အင်တာဗျူးချင်တယ်ဆိုတုန်းက ကိုယ် မဖြစ်၊ ဖြစ်အောင် စီစဉ်ပေးခဲ့တာလေ။ မှတ်မိသေးလား။ မောင်ရင့်အတွက်ဆို ကိုယ် တတ်နိုင်သလောက် ဝိုင်းကူခဲ့တာတွေ အများကြီးပါကွာ။ မှတ်မိရဲ့ လား။ ကဲ ... ဘယ်လိုလဲ လူးရယ်"

လူး အံကြိတ်လိုက်၏။ ရင်ထဲကစကားတွေ ပါးစပ်မှ ပွင့်ထွက်မလာစေချင်။ အသင့်လျော်ဆုံးကတော့ ဂတ်ဖီဆိုသည့် နောကို ဟောက်ပစ်ရုံလောက်ပဲ ဖြစ်မည်။

"ဒီမယ် ဂတ်ဖီ၊ နောက်တစ်ချီ အားကစားပြိုင်ပွဲလက်မှတ် အလကားရလို့ ကတော့ မောင်ရင့်ကို ကိုယ်ခေါ်ထားခဲ့မယ်မှတ်၊ ဟောင်းဝပ်ကိုပဲ ခေါ်သွားတော့မယ်"

ဂတ်ဖီ ခုမှ ရယ်မောနိုင်သည် ။

တယ်လီဖုန်းစကားပြောခွက်ကို ဆောင့်ကြီးအောင့်ကြီး ပစ်ချသည် ။ ကိုယ့်ကိုယ်ကိုယ်လည်း အသံတိတ် ကျိန်ဆဲမိသည် ။ သည် ကိစ္စ ငြင်းလိုက်လျှင် ရသားပဲ။ ငါကိုကလည်း သောက်မှတ်မရှိတာပဲလေ။ အိပ်ခန်းဆီသို့ ယိုင်ယိုင်ထိုးထိုးဖြင့် ပြန်လာသည် ။ အိပ်ခန်းထဲမှ တယ်လီဖုန်းစကားပြောခွက်ကို အုံပေါ်ပြန်တင်သည် ။ ပြီးတော့ အဝတ်အစားလဲဖို့ ပြင်သည် ။ ဖရန်နီက တံတောင်တစ်ဖက်ပေါ် ကိုယ်ကို အားပြုထရင်း အိပ်ချင်မူးတူးဖြင့် ကြည့်နေသည် ။

"ရှင် ဘယ်သူနဲ့ စကားပြောနေတာလဲဟင်"

"သတင်းစာတိုက်နဲ့ ပါ၊ ပြန်အိပ်လေကွာ"

သူ လေကြောရှည်မနေချင်။ ဖရန်နီတစ်ယောက် ပင်ပင်ပန်းပန်းဖြင့် ဆက်ပြီးအိပ်မောကျနေစေချင်သည် ။ ဖရန်နီ တစ်ရေးနိုးလာလျှင်မလွယ်။ မရွှေချောက လေကြောရှည်တတ်သည် ။

သူ အဝတ်အစားလဲပြီးသွားသည် ကိုကြည့်ပြီး ဖရန်နီ မျက်မှောင်ကြုတ်သည် ။ စဉ်းစားရ ခက်နေပုံရသည် ။

"ဘယ်သွားမလို့ လဲဟင်"

"မီးလောင်နေတဲ့ ရပ်ကွက်ကို"

"ဟင် ... ဘာဖြစ်လို့ ..."

"ဘာဖြစ်လို့ သွားရမှာ လဲဆိုတာတော့ ကိုယ်လည်း မသိဘူး"

"ခု ဘယ်အချိန်ရှိနေပြီလဲဟင်၊ ညဉ့်နက်နေပြီလား"

"လင်းအားကြီးဖြစ်နေပြီ။ မင်းမျက်စိလေးတွေ အသာမှိ တ်ပြီး

တစ်မေးလောက် ပြန်အိပ်တော့လေကွာ။ အိပ်တော့ ဟုတ်လား”

ဖရန်နီ ခုတင်ပေါ် ထထိုင်၏။ လူး၏ စပို့ရှပ်လက်ရှည်အဟောင်းတစ်ထည်ကို ဝတ်ထားသည် ။ သူ့ကြည့်ရသည် မှာ ပွဲစဉ်အားလုံး ရှုံးထားသည့် ဘောလုံးအသင်းတစ်သင်းမှ အကောင်းဆုံး ဘောလုံးသမားတစ်ဦး ခြေကုန်လက်ပန်းကျနေပုံမျိုး။ သူက မျက်လုံးတွေကို လက်ဖြင့်ပွတ်၏။ အိပ်ချင်စိတ်ပျောက်အောင် အတတ်နိုင်ဆုံး ကြိုးစားနေ၏။

“ကျွန်မ မနက်စာ ပြင်ပေးရမလားဟင်”

လူး သက်ပြင်းရှိုက်သည် ။

“ဘာစားစရာရှိလို့ မနက်စာပြင်မှာ လဲ၊ ဖရန်နီ ပြန်အိပ်တော့လေကွာ။ မင်းအဲဒီလို ဆက်ပြီးစကားပြောနေရင် စိတ်ပြယ်သွားလိမ့်မယ်ကွ”

ရေချိုးခန်းတံခါးလက်ကိုင်ဘုတွင် တွဲလောင်းချိတ်ထားသည့် ရှပ်အင်္ကျီတစ်ထည်ကို ယူဝတ်ရင်း လူး ပြော၏။

ဖရန်နီက သူ ကြည်ကြည်စင်စင် နိုးနေပြီဖြစ်ကြောင်း ပြသည့် အနေဖြင့် ဒူးနှစ်ချောင်းကွေးပြီး ထိုင်လိုက်သည် ။

“ကျွန်မ မပင်ပန်းပါဘူး လူးရဲ့ ။ ရှင် ပြန်ရောက်တဲ့ အခါ စားစရာတစ်မျိုးမျိုး ကျွန်မ စီစဉ်ထားနိုင်ပါတယ်။ ရှင် ပြန်လာချိန်လောက်ဆို ပူပူနွေးနွေးနဲ့ အဆင်သင့်ဖြစ်နေစေရမယ်။ ရှင် တစ်သက်လုံး အသားညှပ်ပေါင်မုန့်နဲ့ ဘီယာနဲ့ ချည်း ဘယ်စားနေနိုင်ပါ့မလဲ၊ မဟုတ်ဘူး လား”

“မင်းပဲပြော၊ မင်းပဲပြော”

"ရှင် ဗိုက်ဆာနေလားဟင်"

လူးက စာရေးစားပွဲပေါ်မှာ ခဲတံများ နှင့် မှတ်စုစာအုပ်ကိုလှမ်းယူရင်း ...

"ကိုယ် အံ့အားသင့်နေတာ"

ဖရန်နီ့မျက်နှာ ဝင်းလက်သွားကာ

"ဟုတ်ပြီ၊ ကျွန်မ ရှင့်အတွက် အံ့အားသင့်စရာတစ်ခု လုပ်ပေးမယ်"

ဖရန်နီ ရှေ့ဘက်သို့ ခါးကိုင်းလိုက်စဉ်မှာ ပင် လူးက တံခါးပေါက်ဆီသို့ သွားနေပြီ။

"နောက်နှစ်နာရီလောက်ဆို ကိုယ်ပြန်ရောက်လာမယ်။ ဟုတ်ပြီလား ပါးချိုင့်လေးရေ..."

"ကျွန်မ ဒီက စောင့်နေမယ်လေ။ အဲဒီတော့မှ ပဲ ရှင့်အတွက် အံ့အားသင့်စရာလေး ပေးတော့မယ်နော်"

ဖရန်နီက ထုံးစံအတိုင်း လက်ချောင်းကလေးတစ်ချောင်းကို လှုပ်ပြီး လက်ပြနှုတ်ဆက်သည် ။ လူး တံခါးပေါက်မှ လျှောက်ထွက်ခဲ့သည် ။ ဖရန်နီ အိပ်ရာပေါ် ပြန်လှဲကာ လူတစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားစေမည့် မနက်စာတစ်မျိုး ကျွေးဖို့ ခေါင်းထဲတွင် စီစဉ်ရင်း ပြုံးနေမိ၏။

သူ ငှားစီးလာသည့် အငှားကားယာဉ်မောင်းက လမ်းပေါ်မှ ချိုင့်တွေ၊ ကျင်းတွေကို ကွေ့ပတ်ရှောင်မောင်းရင်း တစ်လမ်းလုံး ဆဲဆိုရေရွတ်လာသည် ။ ညည်းတွားလာသည် ။ လူးက "ဒါပေါ့၊ ဟုတ်တာပေါ့"စသည် ဖြင့် စကားထောက်ပေးရင်း အပြင်သို့ ငေးမောလိုက်ပါလာသည် ။ ၁၆၁ လမ်း နှင့်

ဘရော့ဝေးလမ်းထောင့်တွင် ကားထိုးရပ်လိုက်တော့ ကားခပေးပြီး မီးခိုးတွေ အူထွက်နေဆဲ မီးကျွမ်းပြီးအိမ်များ ဆီသို့ လျှောက်ခဲ့သည် ။ တခြားသတင်းထောက်တွေ ခြေချင်းလိမ်မျှ ရောက်နေနှင့် ကြပြီ။ မီးဘေးဒုက္ခသည် များ နှင့် မီးသတ်သမားများကို မေးရင်း၊ စမ်းရင်း သတင်းယူနေကြသည် ။

လူး အပေါ်အင်္ကျီအိတ်ထဲမှ မှတ်စုစာအုပ်ကလေး ထုတ်ယူသည် ။ နောက်ပြီး ဘာတွေမေးပြီး ဘာတွေရေးရပါ့မှ တွေးနေသည် ။ ပုံပန်းကြည့်ရတာ သတင်းကောင်းလေးတွေ ကုန်လောက်ပြီ။ မီးသတ်သမားတွေက မီးသတ်ပိုက်ကြီးတွေကို မီးလောင်သည့် အဆောက်အအုံထဲမှ ပြန်ဆွဲယူနေပြီ။ မီးသတ်ကားတွေထဲ ပြန်သိမ်းနေပြီ။ မီးလောင်ခံရသည့် အိမ်များမှ လူတချို့ လမ်းပေါ်မှာ ရပ်နေကြသည် ။ တချို့က ညဝတ်အင်္ကျီများ ဝတ်ထားဆဲ။ တချို့က ပခုံးပေါ်တွင် စောင်များ လွှမ်းထားလျက်။ အစိမ်းရောင်ရဲကားကြီးတစ်စီးက လမ်းထောင့်မှာ ။ မီးဘေးဒုက္ခသည် တွေကို ခေါ်သွားဖို့ စောင့်ဆိုင်းနေသည် ။

မီးကျွမ်းနေသည့် အိမ်တစ်အိမ်ရှေ့၊ လမ်းဘေးပလက်ဖောင်းပေါ်တွင် အဘိုးကြီးတစ်ဦးကို လူး တွေ့မိသည် ။ အဘိုးကြီးက ဆိုဖာပျက်ကြီးတစ်လုံးပေါ်တွင် ထိုင်နေသည် ။ တစ်ဦးတည်း ညဝတ်အင်္ကျီပေါ်တွင် အင်္ကျီတစ်ထည် ထပ်ဝတ်ထားသည် ။ ခေါင်းပေါ်တွင် အပြာရောင်ဦးထုပ်ပျော့ကလေး ဆောင်းလျက် တစ်စုံတစ်ရာကို ညည်းတွားရေရွတ်ရင်း တစ်ကိုယ်တည်း ရှေ့တိုးနောက်ငင် ယိမ်းထိုးလှုပ်ရှားနေသည် ။

လူး အဘိုးကြီးအနားရောက်အောင် တိုးကပ်သွားသည် ။

အဘိုးကြီးက အဆိုအညည်းမပျက်။ ယိမ်းထိုးမပျက်။ ပေါင်ပေါ်တွင် မှန်ပေါင်သွင်းထားသည့် ဓာတ်ပုံကြီးတစ်ချပ်။ လူး ဓာတ်ပုံကို ကြည့်လိုက်၏။ လက်ထပ်မင်္ဂလာစုံတွဲ ဓာတ်ပုံပါလား။ လူငယ်တစ်ယောက်နှင့် လုံမငယ်တစ်ယောက် မင်္ဂလာဝတ်စုံကိုယ်စီဖြင့် မတ်တတ်ရပ်နေကြသည် ။ ကင်မရာရှိရာသို့ တည့်တည့်စိုက်ကြည့်နေကြသည် ။ ဓာတ်ပုံမှာ သက်တမ်းကြာသဖြင့် အညိုရောင်သမ်းနေပြီ ပုံပေါ်မှ မှန်မှာ အလယ်တည့်တည့်တွင် ကွဲနေ၏။

“ဒီနေရာ အားလားဟင်”

အဘိုးကြီး ရေရွတ်ညည်းဆိုနေခြင်းကို ရပ်လိုက်၏။ သံသယမျက်လုံးများ ဖြင့် မော့ကြည့်၏။ လူးက အဘိုးကြီးနံဘေးက လွတ်နေသည့် ဆိုဖာပျက်ကြီးပေါ်တွင် ပင် ဝင်ထိုင်လိုက်၏။

“နေရာဟောင်းကတော့ ဘာမှ ဟုတ်တိပတ်တိ မကျန်တော့ဘူးနော်”

အဘိုးကြီး၏ နဖူးကြောတွေ တွန့်သွားကာ ...

“ကိုရင် ဘာသိချင်လို့ လဲ”

သူ့လေသံက ဂျုံးလေသံ တော်တော်ဝဲသည် ။ နောက်ပြီး စိတ်ကုန်နေဟန် စိတ်တိုနေဟန်။

“ကျုပ် ဘယ်ဟိုတယ်မှာ မှ လိုက်မနေဘူးဆိုတာ သူတို့ ကို ပြောပြီးသား၊ ဒီနေရာကနေ ရွှေ့စေချင်ရင် သူတို့ ကျုပ်ကို အမှိုက်တွေနဲ့ အတူ ရောပြီး ကျုံးသွား၊ ကိစ္စမရှိဘူး”

အဘိုးကြီးက စကားပြောကောင်းသူတစ်ယောက်ပဲဟု လူး တွေး၏။

အဘိုးကြီးက သူ့ရင်ထဲမှ ဒေါသတွေကို အားနှင့် မာန်နှင့် သွန်ထုတ်နေ၏။

"ကျုပ် ပိုလန်ကနေ ထွက်ပြေးခဲ့တယ်။ ဘာကြောင့် လဲ သိလား၊ ငြိမ်းချမ်းသာယာတဲ့ နယ်မြေမှာ နေထိုင်ခွင့်ရအောင်လေ။ အဲ… နောက်တော့ ဘာဖြစ်လဲ၊ ကျုပ်မိန်းမ ကင်ဆာရောဂါဖြစ်ပြီး သေရတယ်။ သူတို့ တစ်တွေက ကျုပ်အိမ်ကို မီးရှို့ပစ်လိုက်ကြတယ်။ ဒီတော့ ကျုပ်ကိုလည်း အမှိုက်တွေနဲ့ အတူ အမှိုက်ကားပေါ် ကျုံးတင်သွားကြပေါ့။ ဘယ်ခွေးတစ်ကောင်၊ ဘယ်ကြောင်တစ်မြီးကမှ လှည့်ကြည့်ဖော်ရကြမှာ မဟုတ်ပါဘူး"

အဘိုးကြီးပြောသမျှကို တလေးတစား နားထောင်နေကြောင်း သိသာအောင် လူးက ခေါင်းတဆတ်ဆတ်ညိတ်ပြ၏။ ပြီးမှ မှတ်စုစာအုပ်ကလေးပေါ်တွင် ခဲတံကို အသင့်ပြင်ကာ …

"ဦးရဲ့ နာမည်က ဘယ်သူပါလဲ"

"နာမည်ဟုတ်လား၊ အက်ဒယ်မင်၊ လက်စတာ အက်ဒယ်မင်"

"ဟုတ်ပြီ၊ လက်စတာ …."

အဘိုးကြီး မျက်မှောင်တွန့်လိုက်၏။

"ကိုရင် ကျုပ်ကို ခုမှ ဆုံရုံရှိသေးတယ်။ ကိုရင်က ဘာကိစ္စ လက်စတာလို့ ခေါ်ရတာလဲ"

အဘိုးကြီး၏ လက်မောင်းကို အသာအယာကိုင်ပြီး တောင်းပန်လိုက်ရ၏။

"စိတ်မရှိပါနဲ့ မစ္စတာ အက်ဒယ်မင်၊ ကျွန်တော်တို့ ဒီနေရာမှာ ပဲ စကားနည်းနည်းပြောကြရအောင်လား၊ ဦးကို ဘယ်သူကမှ အမှ

ိုက်ကားပေါ် ကျူးတင်မသွားပါဘူး။ ဦးက အမိုက်တစ်စမှ မဟုတ်ဘဲ၊ လူတစ်ယောက်ပဲဟာ။ ဦးအနေနဲ့ ကောင်းတဲ့ ဘက်ကို လှည့်တွေးကြည့်ဖို့ အချိန်တန်ပြီ ထင်ပါတယ်ဦး ”

“ဟေ ... ကောင်းတဲ့ ဘက်က လှည့်တွေးဖို့ ဟုတ်လား။ ကျုပ် ဘယ်ပုံဘယ်နည်း တွေးသင့်တယ်လို့ တစ်ယောက်ယောက်ကပြောတိုင်း၊ ပြောတိုင်း ပြားစေ့တစ်စေ့စီ ရမယ်ဆိုရင် ခုလောက်ဆို ကျုပ် မိုင်ယာမီကမ်းခြေ သွားနေနိုင်လောက်ပြီ။ ခုလို အဆိပ်ငွေ့တွေ အဆုတ်ထဲ ရှူသွင်းနေရမယ့်အစား လေကောင်းလေသန့်တွေ တအားရှူလို့ ရနေလောက်ပြီ”

လူး က အဘိုးကြီးအား ပြုံးပြကာ ...

“ဦး မိုင်ယာမီကို မုန်းသွားမှာ ပဲ့။ ကျွန်တော် ပြောတာကိုယုံ၊ နောက်ဆုံးကျတော့ ဦး စကားပြောဖော်ဆိုလို့ အဲဒီမှာ လိမ္မော်သီးတွေပဲ ရှိလိမ့်မယ်”

အဘိုးကြီးက လူးအား လက်ခါထုတ်ရင်း ...

“သွားစမ်းပါ၊ အဲဒီစကားမျိုး တောသားတွေကို သွားပြောချေ”

လူး ပြုံးလိုက်၏။ အဘိုးကြီးကား ခေသူမဟုတ်။ စိတ်ဓာတ်ခိုင်မာသူတစ်ဦး။ ငယ်ရွယ်စဉ်က သူ့သတို့ သမီးနှင့် အတူ မင်္ဂလာခန်းထဲတွင် တွဲကနေပုံကို လူး ပုံဖော်ကြည့်နေမိ၏။ လက်စတာ ငယ်ဘဝက တုံးဆိုတိုက်၊ ကျားဆိုကိုက်မည့် ကျားကျားလျားလျားပုံစံမျိုး။ သည် လိုအနေအထားမျိုးရှိခဲ့သည် ကို အဘိုးကြီး ပြန်လည်သတိရစေချင်သည် ။ လူး ထိုအကြောင်း စကားပျိုးမည်ကြံခါရှိသေး။ ရဲအမှုထမ်းတစ်ဦး သူတို့ ဆီ လျှောက်

လာပြီး လက်စတာ့ပခုံးကို ကိုင်လိုက်သည် ။

"ကဲ... သွားကြစို့၊ မော်တော်ကား စောင့်နေတယ်"

လက်စတာ နာကြည်းစွာသက်ပြင်းမှုတ်ရင်း ထိုင်ရာမှ ထဖို့ ဟန်ပြင်သည် ။ သို့သော် လူးက သူ့အားဆွဲထားကာ ...

"ခဏနေဦး"

လူး ရဲအမှုထမ်းဘက်သို့ လှည့်ပြီး ...

"ဒီဦးလေးကြီး မစ္စတာအက်ဒယ်မင်က ဘယ်ဟိုတယ်မှာ မှ သွားမနေချင်ဘူးတဲ့ ။ ဒီတော့ဗျာ၊ အမှတ် ၃၁ ရဲစခန်းက ရဲမှူးကြီး ဟင်နက်ဆီနဲ့ ဆက်သွယ်ပြီး အိမ်ရာချထားရေးအရာရှိတစ်ယောက်လောက် ခေါ်ခိုင်းပေးပါလား။ သူတို့ အနေနဲ့ မစ္စတာအက်ဒယ်မင် နေဖို့ ထိုင်ဖို့ အိမ်ခန်းတစ်ခန်း ဒီနေ့စီစဉ်ပေးနိုင်အောင်ပေါ့ဗျာ"

ရဲအမှုထမ်းက 'ဟက်' ခနဲ ရယ်မောလိုက်ကာ

"ကျုပ်ကို အဲဒီလိုတော့ မကျီစားပါနဲ့ ဗျာ"

"ကောင်းပြီလေ၊ ဒါဆို သူ့ကိုပဲခေါ်ပေးပါ။ ကျုပ်ကိုယ်တိုင် သူနဲ့ စကားပြောမယ်။ ကျုပ်နာမည် လူးဖရိုလန်ဒါလို့ ပြောလိုက်ပါ"

ရဲသားကြီး တွန့်ခနဲ ဖြစ်သွားသည် ။

လက်စတာ့မျက်ခုံးတွေ မြင့်တက်သွားပြီး 'ကျွတ် ကျွတ်ကျွတ်' ဟု စုတ်သပ်သည် ။ ပြီးမှ ...

"ကဲ ... ဆရာ့ဆရာကြီး လူးဖရိုလန်ဒါ၊ ကိုရင်က ဘာများ သိလို့ လဲ"

"အေးအေးလေးနေစမ်း လက်စတာ"

လူးက ရဲအမှုထမ်းကို မျက်တောင်မခတ် စိုက်ကြည့်နေသည် ။ ခုတော့ ရဲသားကြီး သွားပေါ် အောင်ပြုံးနေပြီ။ သူ့ဆရာ ဟင်နက်ဆီနှင့် ချောမောလှပသော အတွင်းရေးမှူးမလေးတွေ ရှေ့တွင် သာ ထုတ်ပြတတ်သောအပြုံး။ ရဲသားကြီး ခြိုးခြိုးခြံခြံ စုဆောင်းထားသည့် အပြုံး။

“ဩော် .. ဆရာဖရိုလန်ဒါဆိုတာ ကျွန်တော် မသိလို့ ပါဆရာ။ ကျွန်တော်ပြောချင်တာက ဆရာ ဒီဦးလေးကြီးအကြောင်း ဆောင်းပါးရေးမလို့ ဆိုတာ ကျွန်တော်မသိလို့ ပါဆရာ”

ရဲသားကြီးခေါင်းပေါ်မှ ကက်ဦးထုပ်ကို ချွတ်သည် ။ ဆံပင်တွေလဲ လက်ထိုးဖွသည် ။ ပြီးတော့ အပြုံးတစ်ချက် ဝင်းခနဲ ပြုံးပြလိုက်သည် ။ သူက လူးအား သူ့နာမည်ကို ပြောပြသည် ။ ရဲတပ်ဖွဲ့တွင် အမှုထမ်းခဲ့သည် မှာ မည်မျှကြာပြီဖြစ်ကြောင်း၊ သူ့စွန့်စားခန်းလေးများ အကြောင်း၊ သူ့ မိန်းမ၏ နာမည်၊ သူ့သမီးလေးယောက်၏ နာမည်တို့ ကို ပြောသည် ။ လူး ရေးချသည့် နာမည်တွေ စာလုံးပေါင်း မှန်မမှန် သေသေချာချာကြည့်သည် ။ ပြီးတော့ လက်စတာ့ကျောကို အသာအယာပုတ်ကာ ...

“ခင်ဗျားအတွက် ကျွန်တော်တို့ တာဝန်ယူစီစဉ်ပေးပါ့မယ် မစ္စတာအက်ဒယ်မင်၊ ဘာမှ မပူနဲ့ ”

သူ့ဆရာ ဟင်နက်ဆီနှင့် ဆက်သွယ်ဖို့ ရဲသားကြီး ရဲကားရှိရာသို့ လှည့်ထွက်သွားသည် ။

လက်စတာက သူ့ရင်ထဲမှ ပီတိတွေကို သရော်တော်တော်စကားတစ်ခွန်းဖြင့် ဖုံးကွယ်လိုက်သည် ။

“ဩော် ... လတ်စသတ်တော့ ကိုရင်က

တကယ့်ဧရာမပုဂ္ဂိုလ်ပါကလား”

ထို့နောက် ‘ကျွတ် ကျွတ်ကျွတ်’ ဟု စုတ်သပ်နေပြန်သည် ။

လူးက တယ်လီဖုန်းနံပါတ်တစ်ခုကိုရေးသည် ။ ပြီးတော့ စာရွက်ကို စာအုပ်မှ ဆုတ်ယူကာ လက်စတာအား ပေးသည် ။

“ဒီမယ် မစ္စတာအက်ဒယ်မင်၊ ကျွန်တော့်မှာ တခြားလုပ်စရာအလုပ်ကလေးတွေ ရှိသေးတယ်။ ဟောဒါ သတင်းစာတိုက်က ကျွန်တော့်ဖုန်းနံပါတ်ပဲ။ အရေးအကြောင်းရှိရင် လှမ်းဆက်ဗျာ။ စောစောက ရဲဘော်ကိုလည်း ဂဂျီဂဂျောင်လုပ်မနေနဲ့ ဦး။ သူက ဦးကို ကူညီနေတာပါ”

လက်စတာ့မျက်နှာကြီး ရှုံ့မဲ့သွားကာ

“ကိုရင် ငယ်ပါသေးတယ်ကွာ၊ အဲဒီ့ငနာက သူ့နာမည် သတင်းစာထဲ ပါချင်နေတာကွ သိရဲ့ လား”

“ဒါပေါ့ဗျာ၊ လောကမှာ ခြောက်ပစ်ကင်း သဲလဲစင်ဆိုတာ ဘယ်ရှိပါ့မလဲ”

လူးက ပြုံးကြည့်သည် ။ လက်စတာက အော့နှလုံးနာစွာ မျက်နှာလွှဲသွားသည် ။ ပါးစပ်ကလည်း ရဲသားတွေအကြောင်း ‘အကောင်’ တွေအကြောင်း ပွစိပွစိ ပြောနေသည် ။

“ကဲ ... ဆရာလူး၊ ဒီဦးလေးကြီးကိစ္စအတွက် ရဲမှူးကြီးနဲ့ စီစဉ်ထားပါပြီ”

သူတို့ ရှေ့တွင် ရပ်နေသော ရဲသားကြီးက သွားသုံးဆယ့်နှစ်ချောင်းပေါ်အောင် ပြုံးနေ၏။ လူးက ရဲသားကို ကျေးဇူးတင်စကားဆို၏။ ပြီးတော့ လက်စတာ၏ ကျောကိုလက်ဖြင့်

အသာအယာပုတ်ကာ -

"ကဲ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက် လက်စတာရေ။ ဦးရဲ့ နေရေးထိုင်ရေးကတော့ အဆင်ပြေသွားမှာ ပါ"

လက်စတာ ပါးစပ်မဖွင့်ဘဲ တဟင်းဟင်းလုပ်နေ၏။ သူ့အား လူး ကျောခိုင်းထွက်လာခိုက်မှာ ပင် လက်စတာ့အသံကို ကြားလိုက်ရ၏။

"ဒီမယ် ရဲကြပ်ကိုယ်တော်ကြီးရေ့ ... ကျုပ် လိုချင်တာက ကျုပ်နေတဲ့ အိမ်မှာ သီးခြားမီးဖို ခန်းတစ်ခန်း ပါမှ ဖြစ်မယ်။ အဲဒါကိုကော ကိုယ်တော့ရဲမှူးကြီးကို ပြောပြထားရဲ့ လား။ လျှပ်စစ်မီးဖို မရှိတာတို့ ၊ ရေမရတာတို့ တော့ မဖြစ်စေနဲ့ ဗျို့။ ကျုပ်က နေ့စဉ်နေ့တိုင်း ရေချိုးအဝတ်လျှော်နေတာဗျ။ ကျုပ်ဆိုတာက လူတစ်ယောက်လေ၊ အမှို က်တစ်စ မဟုတ်ဘူး ။ အဲဒါ ကိုယ်တော့် ရဲမှူးကြီးကို ပြောပြလိုက်စမ်းပါဦး"

လူးတစ်ယောက်တည်း ပြုံးမိသည် ။ ဘာပဲဖြစ်ဖြစ် သည် နေ့ မြို့ပြင်ထွက်ခဲ့ရတာ မှန်သွားသည် ။ လက်စတာအကြောင်း ဆောင်းပါးတစ်ပုဒ် ရေးချင်သည် ။ အပြန်အငှားကားပေါ်တွင် လက်စတာအကြောင်း စားမြို့ပြန်လာသည် ။ မီးပွားလေးတစ်ပွားအကြောင်းရေးမည်။ လက်စတာ့ရင်တွင်းမှာ ယင်းမီးပွားလေးရှိနေသည် ။ ကက်ဦးထုပ်အပြာကလေး ဆောင်းထားတာကိုက ထူးခြားသည် ။

သာမန် သူလိုကိုယ်လိုလူအဖြစ် သောကောရောကော အသတ်မှတ်မခံလိုသည့် သဘောကိုဆောင်သည် ။ တည်းညည်းတညူညူ လုပ်နေတတ်သည် ။ မှန်သည် ။ အရာရာကို စိတ်တိုင်းမကျ ဖြစ်နေတတ်သည် ။ မှန်သည် ။ သို့သော် သည်

အဘိုးကြီးမှာ မာန်အပြည့်၊ အားအပြည့်။ လက်စတာသည် လူ့ဘဝတွင် ရင်ကော့ရပ်တည်နေနေနိုင်ဦးမည် မုချ။ သူသည် သူ့ပတ်ပတ်လည်တွင် မီးဟု နီးဟု နီးတောက်နေသည့် ကြားက သူမြတ်နိုးသည့် မင်္ဂလာဓာတ်ပုံကလေးကို အရယူနိုင်ခဲ့သည် ။ သူ့မှာ မာနလည်း ရှိသည် ။ သတ္တိလည်း ရှိသည် ။

လူး ရေးပေးသည့် ဆောင်းပါးကို ဖတ်ရလျှင် ဂုတ်ဖီတစ်ယောက် စိတ်ပျက်လက်ပျက် ဖြစ်ပေဦးမည်။ ဂုတ်ဖီလိုချင်သည် က မီးသတင်း။ လူးထံမှ ရသည် က လက်စတာအကြောင်း ဆောင်းပါး။ ကောင်းသည် ။ သည် ငနဲကို သည် လိုပဲ ပညာပေးရမည်။

သူ့အခန်းမရောက်မီ လမ်းတစ်ဖြတ်လောက်ကြိုပြီး အငှားကားပေါ်မှ ဆင်းခဲ့သည် ။ လမ်းတွင် အင်အားဖြည့်ရိက္ခာအဖြစ် အစာသွပ်ပေါင်မုန့် ဝင်ဝယ်သည် ။ အိမ်အပြန် ၇၇ လမ်းတစ်လျှောက် လမ်းလျှောက်လာရင်း ပေါင်မုန့်ကို တမြုံ့မြုံ့ စားလာသည် ။ လက်စတာအကြောင်း စဉ်းစားလာသည် ။ ခုလို အိပ်ရေးပျက်လူပင်ပန်းနေသည့် အနေအထားမျိုးဖြင့် လက်စတာအကြောင်း ဝါကျတစ်ကြောင်းရေးဖြစ်ဖို့ ပင်မလွယ်။ တနင်္ဂနွေနေ့ကစပြီး ခုထိ တစ်မှေးမှ မအိပ်ရသေး။ ခေါင်းထဲတွင် စူးခနဲ ထိုးကိုက်လာသည် ။ နှုတ်မှ အသံထွက်ပြီး ညည်းလိုက်မိ၏။

သူ့အိမ်ရှေ့လှေကားနှင့် မလှမ်းမကမ်းတွင် ရပ်၏။ အိမ်ပေါက်ဝတွင် ဖြစ်ပေါ်နေသည့် မြင်ကွင်းကို မျက်ကွယ်ပြုလိုက်လျှင် ရနိုင်၏။ သို့သော် တစ်စုံတစ်ခုက သူ့ကို ရပ်တန့်သွားစေ၏။ ထိုနေရာမှာ ပင် ရပ်လျက် မြင်ကွင်းကိုကြည့်၏။ နားစွင့်နေ၏။

သူ ကြည့်နေသည် မှာ ကျောပိုင်းမြင်ကွင်း။ အမျိုးသမီးတစ်ဦး၏

နောက်ကျော။ လူး မြင်နိုင်သည် မှာ ဤမျှသာ။ အမျိုးသမီးက သူ့ အိမ်လှေကား ရှေ့ မှာ ရပ်နေသည် ။ လက်ထဲမှာ သတင်းစာ ခေါက်ကိုကိုင်လျက်။ သားရေလွယ်အိတ် ခပ်ကြီးကြီးတစ်လုံး ပခုံးတွင် လွယ်လျက်။ အရပ်ရှည် သွယ်သွယ်။ မတ်တတ်ရပ်နေပုံမှာ ဖြောင့်ဖြောင့်စင်းစင်း။

အမျိုးသမီးက ဂျော့နှင့် အချေအတင်စကားများ နေသည် ။ ဂျော့က လူးနေထိုင်သည့် တိုက်ကို ထိန်းသိမ်းရသူ။ ပွာတိုရီကန်လူမျိုး။ အရပ်မှာ ငါးပေနှစ်လက်မပဲ ရှိသည် ။ ခွေးဝဲစားပုံဆိုသည် မှာ ဂျော့၏ ပုံစံမျိုး။ သူ့ကို လူး စတင်သိရှိသည့် အချိန်မှ စ၍ ခုချိန်ထိ စုတ်ပြတ်နေသော ဝတ်စုံအစိမ်းရောင်ကြီးကိုပဲ တစ်ရက်မလပ် ဝတ်ဆင်ခဲ့သူ။ ရှေ့မှ အမျိုးသမီးအရပ်က ဂျော့အရပ်ထက် ခြောက်လက်မလောက်သာသာလေး ထိုးထွက်နေသည် ။ ဂျော့ကတော့ မျက်နှာကြီး နီရဲနေသည် ။ ဒေါသတွေ ထွက်နေသည် ။ အမျိုးသမီးကို မော့ကြည့်ရင်း အော်ဟစ်နေသည် ။

“ခင်ဗျားကို မပြနိုင်ဘူးလို့ ကျုပ်ပြောပြီးပါပကော၊ ဒီတော့ ဆက်မနေနဲ့ တော့ဗျာ”

“ရှင် ကျွန်မကို ပြကိုပြရမယ်။ နေပါဦး၊ ရှင်က ဘာတွေစိုးရိမ်ပူပန်နေရတာလဲ။ ရှင့်ပရိဘောဂတွေယူပြီး ထွက်မပြေးပါဘူး။ ကျွန်မမှာ အလုပ်နဲ့ အကိုင်နဲ့ ပါ။ အလုပ်ထောက်ခံစာတွေလည်း ပါပါတယ်။ ကျွန်မ အလုပ်လုပ်တာ ဆယ်နှစ်တောင်ရှိပြီရှင့်၊ သိရဲ့ လား”

“ဟေ့ ဒီမယ် မချော ... မင်းဟာမင်း ဘာအလုပ် လုပ်လုပ်၊ ကျုပ်ဂရုမစိုက်ဘူး။ ဒီအိမ်မှာ ရှုပ်ရှုပ်ယှက်ယှက်နဲ့

မိန်းမတွေလက်မခံဘူး”

ဂျော့ အောက်ကျယ်အောက်ကျယ်ပြောတော့ အမျိုးသမီး၏ အရပ်ကြီး ပိုပြီး စန့်စန့်မတ်မတ်ဖြစ်သွားသည် ။

“ဒီမယ်ရှင့်၊ ကျွန်မ ရှုပ်ရှုပ်ယှက်ယှက် မဟုတ်ဘူး ။ ကျွန်မ လူသားထဲက လူတစ်ယောက်သိလား”

လူး တစ်ကိုယ်တည်း ပြုံးမိ၏။

“ကဲ ... ထားပါတော့၊ ကျုပ် ဒီအိမ်မှာ လူသားထဲက တစ်ကိုယ်တော်လူတွေ၊ မိန်းမတွေကို မထားဘူး၊ ကျေနပ်ပြီလား”

“ဒါဆို ဘယ်သူတွေမှ ထားလဲ။ ရှင် ယောကျ်ား၊ မိန်းမ အတန်းအစားခွဲတာလားဟင်”

“မဟုတ် ...မဟုတ် ... မဟုတ်နဲ့ တောင် မြည်နေသေးတယ်”

လူး သိပ်စိတ်ဝင်စားနေပြီ။ မနေနိုင်တော့။ အမျိုးသမီးမျက်နှာကို ကြည့်ချင်သည် ။ လှေကားဝဆီ လျှောက်လာသည် ။ အမျိုးသမီးနောက်တည့်တည့်တွင် ရပ်၏။

“ဂျော့၊ ဘာတွေဖြစ်ပြီး ဘာတွေပျက်နေတာလဲဗျ”

“ဘာတွေမှ မဖြစ်ဘူး၊ ဘာတွေမှ လည်း မပျက်ဘူး”

ဂျော့က ခပ်ဆတ်ဆတ် ပြန်ပြော၏။

ကြားဝင်နှောင့်ယှက်သူအား မြင်သာအောင် အမျိုးသမီး ချာခနဲ လှည့်ကြည့်သည် ။ လူး ငေးကြည့်နေလိုက်မိ၏။

လူး ငိုင်သွားသည် ။ သည် နေ့ကား အင်္ဂါနေ့၊ ထုံးစံတိုင်း အလုပ်များ မည့် နေ့။ သူ့မှာ လုပ်စရာတွေတစ်ပုံကြီး။ လောလောဆယ်

ခေါင်းကိုက်နေသည် ။ သည် နေ့ ရက်ချိန်းပေးထားသည့် အလုပ်တွေလည်း အများကြီး။ သို့ပေမဲ့ ပစ္စက္ခကာလမှာ တော့ ပကတိအရှိတရားတွေကို မေ့လျော့သွားပြီ။ သူသိနေသည် မှာ တစ်ခုတည်း။ အလှတရားတစ်ခုကို တွေ့မြင်နေရခြင်း။

အမျိုးသမီး၏ မျက်နှာမှာ ရှင်သည် ။ သွက်သည် ။ မျက်နှာသွယ်သွယ်၊ နှာတံပေါ်ပေါ်။ အသားအရေက သလင်းကျောက်လို ကြည်ကြည်စင်စင်။ နှုတ်ခမ်းနှစ်လွှာက နုထွေးနေ၏။ ထိလိုက်လျှင် ကြွေတော့မည့် နှယ်။ ရွှန်းလက်မျက်လုံးများမှာ စိမ်းပြာရောင်။ သည် လို မျက်လုံးအရောင်မျိုး လူး တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့စဖူး။ သည် စိမ်းပြာရောင် ကြယ်လေးနှစ်ပွင့်၏ ပဥ္စလက်ပညာမှာ အစွမ်းထက်လှပါဘိ။ သည် စိမ်းပြာရောင်ကလေးများက အမျိုးသမီးကို အရွယ်ရောက်ပြီး မိန်းမသား တစ်ဦးဘဝမှ သည် သည်းနုရွယ်အလှလေးဘဝသို့ ပြောင်းလဲသွားစေ၏။ ဘုရင်မတစ်ပါးလို ထည်ဝါ မနေစေဘဲ လမ်းပေါ်တွင် လမ်းသလားနေသည့် လုံမငယ်တစ်ယောက်လို ပတ်ဝန်းကျင်ထဲတွင် စိမ့်ပျော်ဝင်သွားစေ၏။ ထိုအရာတွေအားလုံးထက်ပိုပြီး အံ့သြစရာကောင်းသည် မှာ လှမှန်းမသိလှနေသော သူ့အလှ။ သူ့အလှကား ထင်းခနဲ၊ ကွင်းခနဲ အလှမျိုးမဟုတ်။ ကြည့်ရင်း ကြည့်ရင်း လှလာသည့် အလှ။ ကြည့်လေ ကြည့်လေ လှလာသည့် အလှ။

လူးကား စကားပြောသည့် ဘက်တွင် အားသန်သူတစ်ဦး။ သို့သော် သူ စကားမပြောနိုင်။ အမျိုးသမီးကို ငေး၍ သာကြည့်နေမိ၏။ လည်ချောင်းတစ်ချက်ရှင်းပြီး ခေါင်းတဆတ်ဆတ်ညိတ်၍ သာ အမျိုးသမီးကို နှုတ်ဆက်လိုက်ရသည် ။ ဒေါသနှင့် စိတ်မရှည်ခြင်းများ စွန်းထင်းနေသည့် စိမ်းပြာရောင်ကလေးများက လူးအား

ပြန်စိုက်ကြည့်သည် ။

"ရှင်က ဘာလုပ်ချင်လို့ လဲ"

"ကျွန်တော်လုပ်ချင်တာက တစ်မေးလောက် မေးဖို့ ပဲ။ ခင်ဗျားကကော ဘာလုပ်ချင်နေတာတုံး"

လူး ကိုယ့်အသံကိုယ် ပြန်ကြားလိုက်ရ၏။ အား၊ ချာတူးလံလိုက်တဲ့ စကား။ တုံးလိုက်တဲ့ စကား။ ကိုယ့်နားရင်းကိုယ် ပိတ်ရိုက်ပစ်လိုက်ချင်၏။

"သူက အခန်းနံပါတ် (၃-ခ) ကိုကြည့်ချင်လို့ တဲ့ ဗျာ။ ကျုပ်က အခန်းနံပါတ် (၅-က) မှာ နေ သွားတဲ့ ငနဲမတစ်ယောက်နဲ့ ပဲ အော့ကြောလန်နေပါပြီလို့ ပြောပြနေတာ"

"ဟုတ်တယ်လေ၊ အော့ကြောလန်မှာ ပေါ့။ ခင်ဗျားက အဲဒီငနဲမနဲ့ ကြည်ချင်တယ်။ ငနဲမက ခင်ဗျားကို အခန်းငှားခပဲ တိတိကျကျပေးတော့ ခင်ဗျား အော့ကြောလန်ပြီပေါ့"

သူ့အသံ ကျယ်လွန်းနေသည် ။ သူ့အပြုံး ပွင့်ကားလွန်းနေသည် ။ ဂျော့မျက်နှာကတော့ ညိုပုပ်နေပြီ။

"ဒါ မတရားပြောတာ၊ ခင်ဗျားကို ဘယ်သူပြောလဲ"

လူးက ဂျော့၏ မျက်နှာကြီး ခုလိုပင် ညိုပုပ်လာအောင် စနေကျ။ စင်စစ် လူး ဖြစ်စေချင်သည် က အမျိုးသမီး ရယ်မောစေလိုခြင်း၊ ဒေါသပြယ်ပြီး သူ့အကြောင်းသူ ပြောလာစေလိုခြင်း။ သူဘယ်သူလဲ၊ ဘယ်ကလာသလဲ၊ ဘာကြောင့် ခပ်ညံ့ညံ့အပေါ်ထပ်ခန်းတစ်ခန်းကို ငှားချင်ရသလဲဆို သည့် အကြောင်းတွေပေါ့။ အခန်းနံပါတ် (၃-ခ)က လူး၏ အခန်းနှင့် ကပ်လျက်အခန်း။ သည် အမျိုးသမီးနှင့်

အခန်းချင်းကပ်နေရမည်ဆိုလျှင် ရင်ဖိုစရာတော့ အကောင်းသား။ သို့ပေမဲ့ သိပ်ချောင်မည်မဟုတ်။ သည် သူငယ်မက သာမန်သူလိုကိုယ်လို "ဘယ့်နှယ်လဲ၊ နေရထိုင်ရအဆင်ပြေရဲ့ လား"ဟု နှုတ်ဆက်ရမည့် မိန်းမစားမျိုးမဟုတ်။

အမျိုးသမီး သက်ပြင်းချသည် ။ လူး၏ ဟာသသည် အရာမရောက်။ သူ့ကြည့်ရသည် မှာ ဂျော့ကို စိတ်ပျက်နေသလို လူးကိုလည်း စိတ်ပျက်သွားသည့် ပုံစံမျိုး။

"ဒီမယ်၊ ရှင်တို့ အချင်းချင်း တခြား တစ်ချိန်ချိန်ကျမှ နောက်ပြောင်နေကြပါလား"

သူ့လက်ထဲမှ သတင်းစာကို ဂျော့မျက်နှာရှေ့တွင် ထောင်ပြသည် ။

'အိမ်ခန်းငှားရန်' ကြော်ငြာပါသည့် စာမျက်နှာကို လှန်ထားသည် ။

"ဒီအဆောက်အအုံမှာ အခန်းလွတ်တစ်ခန်းရှိတယ်။ အဲဒီအခန်းကို ကျွန်မ ကြည့်ချင်တယ်။ အိမ်ခန်းတစ်ခန်းကြည့်ဖို့ အတွက် ကျွန်မ မြို့လုံးအနှံ့ လျှောက်ရှာမနေနိုင်ဘူး။ နောက်ပြီး အလုပ်ချိန်လည်း နောက်ကျမခံနိုင်ဘူး။"

အမျိုးသမီးက ခပ်ထိန်းထိန်း ပြောသည် ။

လူးက အမျိုးသမီးအား ဘာအလုပ်လုပ်သလဲဟု မေး၏။ သည် တော့ ဂျော့က သူ၏ သံသယ မျက်လုံးများကို ကလယ်ကလယ်လုပ်ရင်း ကချေသည် လို့ ပြောတာပဲဟု ဖြေသည် ။

"ကျွန်မ ကချေသည် ပါ။ မင်ဟတ်တန်အကအဖွဲ့မှာ ကတယ်။ လာမယ့် စနေနေ့မှာ လင်ကွန်းဗဟိုကပွဲရုံကို ကျွန်မတို့ အဖွဲ့နဲ့ စပြီးရုံဖွင့်မယ်၊ ကဲ ... ဒါလောက်ဆို လုံလောက်ပြီလား"

လူး ကျေနပ်အားရ ခေါင်းညိတ်သည် ။

“လင်ကွန်း ဗဟိုကပွဲရုံဆိုပဲ ဂျော့။ ဒါဆို မဆိုးပါဘူးဗျ”

စိမ်းပြာရောင် မျက်လုံးတွေ စိတ်တိုစွာ အရောင်လက်လာသည် ။

“ဒီမယ် ဂျော့၊ ရှင်လုပ်နေတာ တရားဥပဒေရဲ့ ဘောင်ကို ကျော်နေတယ်ရှင့်။ အိမ်ငှားမြေငှားဥပဒေမှာ ကျားရယ်၊ မရယ် မခွဲခြားရဘူးဆိုတာ ရှင်သိတယ်မဟုတ်လား”

ဂျော့ စိတ်ပျက်လက်ပျက် ညည်းသည် ။ နောက်ဆုံး လိုက်ပြလိုက်တာ ကောင်းမည်ဟု ဆုံးဖြတ်သည် ။ သူ့လက်ထဲမှ အမှိုက်ပုံးကြီး လူး လက်ထဲ ထိုးထည့်သည် ။

“ကောင်းပြီ၊ ဒီအခန်းအစုတ်အခန်းပွဲ့ကို လိုက်ပြလိုက်စမ်းမယ်”

လူးက လက်ထဲရောက်လာသော အမှို က်ပုံးကို ပစ်ချပြီး အမျိုးသမီးနံဘေးသို့ ခပ်သွက်သွက် ချဉ်းကပ်သွားကာ ...

“ဒီမယ် မိန်းကလေး၊ ဘာမှ စိတ်မပျက်နဲ့ ။ အဲဒီအခန်းက စုတ်လည်း မစုတ်ဘူး၊ ပွဲ့လည်း မပွဲ့ ဘူး၊ တကယ်နိပ်တဲ့ အခန်းဗျ”

သူ့အာမခံချက်ကို အမျိုးသမီး စိတ်ဝင်စားဟန်မပေါ်။ ဂျော့ ဦးဆောင်တက်သွားသည့် လှေကားအတိုင်း နောက်မှ လိုက်သွားသည် ။ လူးကလည်း အမျိုးသမီးနောက်ပါးမှ တစ်ဖဝါးမျှမခွာ။ အမျိုးသမီးနှင့် ဘေးချင်းယှဉ်လျှောက်သာလောက်အောင် လှေကားက မကျယ်။

ဒုတိယထပ်ကျော် လာပြီး စကားတစ်ခွန်းမျှ မပြောမိကြ။ နောက်ဆုံး လူးက ဖွတ်စကားစသည် ။

“အခန်း (၃-ခ) ကို ခင်ဗျား သဘောကျသွားမှာ ပါ။ အရင်နေသွားတဲ့

လူက တော်တော်သပ်သပ်ရပ်ရပ် နေတတ်တာဗျ။ သူ့နာမည်က အာတီတဲ့ ။ အာတီပရိုက်လေဗျာ၊ အခန်း ပြန်အပ်သွားတာ တစ်ပတ်ပဲ ရှိသေးတယ်။ ခုတော့ 'တန်ပါ' မှာ စားသောက်ဆိုင်တစ်ဆိုင် ဖွင့်ထားတယ်ဗျ။ မြို့ ထဲမှာ နေရတာ စိတ်ကုန်သွားပြီတဲ့ လေ"

အမျိုးသမီးက စကားပြန်ပြောမည်လား စောင့်ကြည့်၏။ တစ်ခွန်းမျှ ဟဖော်မရ။ တတိယထပ် ရောက်တော့မည်။ မရွေချောက သူ့အား စိတ်ဝင်စားစရာသတ္တဝါဟု စိုးစဉ်းမျှသဘောထားပုံမပေါ်။ သဘောထားချင်းထားလျှင် ငတုံးဟု သဘောထားမည်ထင်၏။ သည် အတွေး ဝင်လာတော့ လူးရင်ထဲ နင့်ခနဲဖြစ်သွားသည် ။ သူဘာလုပ်နေမိမှန်း သူ့ကိုယ်သူမသိ လူးက လမ်းပြအလုပ်ကို တာဝန်ယူနေမိပြန်သည် ။

"ဟောဒါက လေ့ကား၊ ဒါကတော့ ဧည့်ခန်း၊ ဂျော့က ရက်ပိုင်းအတွင်း ဧည့်ခန်းကို ဆေးသုတ်တော့မှာ ပါ။"

ဂျော့ တွန့်သွားသည် ။

"ကျုပ် ဘယ်အခန်းကိုမှ ဘာဆေးမှ မသုတ်ဘူး"

ဂျော့စကားကို ခေါင်းထဲမထည့်ဖို့ လူးက အမျိုးသမီးအား ပြောသည် ။ ဂျော့ မျက်မှောင်ကြုတ်သွားသည် ။ တတိယထပ်ရောက်တော့ လူး ခံကြောမိလေပြီ။ ဂျော့က နှာခေါင်းပွစိပွစိဖြင့် လေကိုရှူကြည့်ပြီး လူးအား စပ်ဖြဲဖြဲ လှမ်းကြည့်သည် ။

"ဟော့လူ ဟင်းနံ့ကျွေးနံ့တွေ နံလို့ ပါလားဗျ။ ခင်ဗျားကောင်မကြီးကို မနက်စာ ချက်ခိုင်းထားတာလား ဟုတ်လား"

လူး အသက်ရှူရပ်သွား၏။ ဖရန်နီကို မေ့နေမိပါလား။ ဖရန်နီ

ကတိပြုထားသော အံ့သြလောက်သည့် နံနက်စာကိုလည်း သတိမရ။ လူး မချိသွားဖြဲ ပြလိုက်ရသည် ။ ဂျော့၏ မျက်ခွက်ကြီးကို လက်သီးဖြင့် စွပ်ထိုးလိုက်ချင်၏။

"ကျုပ်ကောင်မ မဟုတ်ရပါဘူးဗျာ၊ ကျုပ်ညီမပါ"

ဂျော့ တဟဲဟဲ ရယ်သည် ။

"အဲဒီကောင်မကို ခင်ဗျားညီမလို့ ပြောရင် ကျုပ်လည်း ကျုပ်ကိုယ်ကျုပ် ဂျင်မီကာတာလို့ ပြောရလိမ့်မယ်"

လူး အမျိုးသမီးကို လှစ်ခနဲစွေကြည့်၏။ အမျိုးသမီးပုံစံက သူ့ကိုယ်ရေးကိုယ်တာများကို စိတ်မဝင်စားကြောင်း သိသာလွန်းလှသည် ။ ဂျော့ အခန်း (၃-ခ)ကို သော့ဖွင့်နေသည် ကိုသာ နှုတ်ဆိတ်စွာစောင့်နေသည် ။

လူး လည်ချောင်းတစ်ချက် ရှင်း၏။ ပြီးတော့ နောက်ဆုံးတစ်ချီအဖြစ် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အားထုတ်လိုက်၏။

"ကဲ ... ဒီတော့ ခင်ဗျား လိုချင်တာရှိရင်၊ မေးချင်တာရှိရင် တံခါးသာခေါက်လိုက်၊ ကျွန်တော် ဟောဒီ (၃-ခ) အခန်းမှာ ရှိနေမယ်"

စကားရပ်ပြီး သတိသမ္ပဇဉ်များ ပြန်လည်စုစည်းလိုက်ရ၏။

"အဲ... ကျွန်တော်ပြောတာ၊ ကျွန်တော် (၃-က)မှာ ရှိနေမယ်။ ခင်ဗျားက (၃-ခ) မှာ ၊ ကျွန် တော်က (၃-က)မှာ " အမျိုးသမီး ဘာစကားမျှ ခွန်းတုံ့မပြန်။ သူ့မျက်လုံးတွေတွင် ပင်ပန်းနွမ်းနယ် ရိပ်များ သာ ထင်ဟပ်နေ၏။ သူကလေး အိပ်ရေးပျက်နေလို့ များ လား။ ဒါမှ မဟုတ် ငါ့ကို စိတ်ပျက် နေတာလား။ ဟုတ်သည် ။ ငါ့ကို

စိတ်ပျက်နေတာ အမှန်ပဲပေါ့။ ရင်နာရပါသည် မိန်းကလေးရယ်။

တံ့ပြန်စကား အလျှင်းမရှိဘဲ အမျိုးသမီး (၃-ခ) ထဲသို့ ဂျော့နောက်မှ ဝင်လိုက်သွားသည် ။

ပြီးတော့ အခန်းတံခါးကို ပိတ်လိုက်သည် ။

လွန်ခဲ့သည့် နှစ်ကာလများ အတွင်း သူသည် ကြည့်ပျော်ရှုပျော်မိန်းမတော်တော်များများ နှင့် တွဲခဲ့ဖူးပါသည် ။ ဘယ်မိန်းမကိုမျှ စိတ်ဝင်စားခြင်းမရှိခဲ့။ သူက ဖရန်နီလို မိန်းမမျိုးကိုပဲ ကြိုက်သည် ။ ဖရန်နီလို မိန်းမတွေက ဘဝဆန်သည် ။ လက်တွေ့ကျသည် ။ ရင်တွင်းမှာ အနည်းနှင့် အများ ဒဏ်ရာရထားသူများ ဆိုတော့ လူသားဆန်သည် ။ ဆက်ဆံလို့ ကောင်းသည် ။ လောကမှာ လူး ဂရုစိုက်ပြီး ရှောင်ကြဉ်ခဲ့သည် ကတော့ အလှအပကိုပါပဲ။ ကလီယိုပါထရာတို့ ၊ ထရွိုင်မြို့မှ ဟယ်လင်တို့ ဆိုတာတွေ။ ကြည့်လေ ဘယ်သကောင့်သားကိုမျှ ကောင်းကျိုးပေးခဲ့တာမှ မဟုတ်ဘဲ။ ထိုသို့ပင် လူး ကိုယ့်စည်းကိုယ် တားခဲ့၏။

ခုတော့ ...

(၃-ခ)ထဲ ရောက်နေသည့် စိမ်းပြာရောင်မျက်လုံးများ နှင့် နတ်မိမယ်ကလေးသည် သူ့စိတ်တွေကို ထွေပြားညွတ်ပျောင်းစေလေပြီ။ သူကိုယ်တိုင် တားထားသည့် စည်းကို သူကိုယ်တိုင် ချိုးဖောက်ပစ်ဖို့ မိန်းမလှကလေးက စေညွှန်းခဲ့ပြီ။ သူ တွေ့ဖူးမြင်ဖူးသမျှထဲတွင် သည် မိန်းကလေးက အချောဆုံး၊ အလှဆုံး။ ဒါက အငြင်းပွားစရာမလိုသည့် အမှန်တရား။

သက်ပြင်းရှည်ကြီး မှုတ်ထုတ်ရင်း အခန်းနံပါတ် (၃-ခ) ကို

ကျောခိုင်းခဲ့၏။ သည် သူငယ်မသည် သည် အခန်းမှာ နေဖြစ်သည် ထားဦး၊ ခုလို သူ့ကို စကားမပြောပုံမျိုးဖြင့် ဘယ်လိုလုပ် သိကျွမ်းရင်းနှီးနိုင်ပါ့မလဲ။ ခေါင်းပြန်ကိုက်လာသည် ။ မိန်းကလေးက ခေါင်းကိုက်နေတာကိုပင် မေ့ ပျောက်နေစေခဲ့၏။ ခေါင်းကိုက်ပျောက်ဆေးထက် ပိုကောင်းနေသည့် မိန်းကလေးပါလား။ အင်း၊ တစ်နေ့လုံး သူ့အကြောင်း တွေးနေရဦးတော့မှာ ပေ့ါလေ။ အချိန်က စောလွန်းနေသည် ။ အိပ်ရာထ ချိန်ပင် မတန်သေး။ တံခါးပိတ်ထားသည့် (၃-ခ) အခန်းကို သမင်လည်ပြန် လှည့်ကြည့်သည် ။ စိတ် အာရုံတွေကို ပြန်လည်စုစည်းသည် ။ ပြီးတော့ ကိုယ့်အခန်းထဲ ကိုယ်ဝင်ခဲ့သည် ။

မီးဖိုခန်းထဲမှ ထွက်လာသည့် ညော်နံ့က တော်တော်ပြင်းသည် ။ လူးက မျက်နှာရှုံ့မဲ့သွားသည် ။

"ဟေ့... ဖရန်နီ၊ တစ်ခုခုများ မီးလောင်နေလားကွ"

"ရှင် ဘာလာကြောင်နေတာလဲ၊ ဟင်းချက်နေတာရှင်ရဲ့ "

သူ့ကြည့်ရတာ စိတ်ချမ်းသာနေပုံရသည် ။ သူ့အကြိုက်ဆုံး 'ကိုယ့်ခေါင်းပေါ်သို့ မိုးစက်ကလေးတွေ ကြွေဆဲပါ' တေးသွားကို ညည်းသံကြားနေရ၏။ လူး စာရေးစားပွဲတွင် ဝင်ထိုင်သည် ။ လက်စတာအကြောင်း ရေးမှတ်ထားသည့် မှတ်စုစာအုပ်ကလေးကို ထုတ်သည် ။ သည် ဆောင်းပါး ဂတ်ဖီထံ အချိန်မီရောက်လိုလျှင် ဆယ်မိနစ်နှင့် ပြီးအောင် ရေးရမည်။ မချောင်၊ သိပ်တော့မချောင်။

အင်းလေ၊ ခုအချိန်မှာ လူတိုင်း လူတိုင်း 'မချောင်ဘူး'ဟု ညည်းနေကြတာပဲ။ လက်နှိပ်စက်ထဲသို့ စာမျက်နှာလွတ်တစ်ရွက် လှည့်သွင်းသည် ။ ခေါင်းကိုက်ဖို့ ၊ စိတ်ဆင်းရဲဖို့ အတွက် အချိန်ကတော့

နောက်များမှ ပေ့ါ။ အချိန်တွေ အများကြီးပါ။ လက်ချောင်းကလေးတွေကို ဖြောက်ခနဲ ဖြောက်ခနဲမည်အောင် ချိုးသည် ။ စဉ်းစားသည် ။ လက်နှိပ်စက်သံ စတင်မြည်လာသည် ။

ဖရန်နီ စားဖိုခန်းထဲမှ ကန္တဲ့ကလျ လှမ်းထွက်လာသည် ။ လက်ထဲတွင် အကြော်ကြော်ရာတွင် သုံး ဂေါ်ပြားတစ်ချပ် ပါလာသည် ။ လူး၏ စားပွဲဘေးတွင် ရပ်သည် ။ လူးက လက်ညှိုးနှစ် ချောင်းဖြင့် လက်နှိပ်စက်ကို တဖြောင်းဖြောင်း ရိုက်နေသည် ။ သူ့လက်တွေက အတွေးနောက်သို့ အမီမလိုက်နိုင်။ လူး အားမလို အားမရဖြစ်နေသည် ။ လက်စတာအကြောင်း ဆောင်းပါးက ထင်ထားသလောက် အခက်အခဲမရှိ။ အထစ်အငေါ့မရှိ ထွက်လာသည် ။ ခက်တာက လက်တွေ။ လက်တွေက လိုချင်သလောက် မြန်မြန်မရိုက်နိုင်။

“ပစ္စည်းတွေအားလုံးလိုလို စတိုးဆိုင်ကချည်း ဝယ်ခဲ့ရတယ် လူးရဲ့ ၊ ရှင့် ရေခဲသေတ္တာထဲမှာ ဘာမှ ဟုတ်တိပတ်တိမှ မရှိဘဲ”

“အင်း … ကိုယ်သိတယ်၊ တစ်နေ့နေ့တော့ ဝယ်ထားရဦးမယ်”

လက်နှိပ်စက်အရိုက်မပျက် ပြန်ပြောသည် ။ ပါးစပ်ထဲတွင် ခဲတံတစ်ချောင်းကိုက်ထားတော့ စကားလုံးတွေက မပီမသ။

“ရှင်လည်း ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်သင့်ပြီ လူး၊ ဝွင်မော်ဇာ ဘာဖြစ်သွားလဲ ရှင် သိလား”

“ဘယ်သူ”

“ဝွင်လေ၊ ကျွန်မ နားရက်ယူရင် ကျွန်မနေရာ အစားဝင်လုပ်ပေးတဲ့ ကောင်မလေးလေ”

“ဩော် … အင်း သိပြီ”

ပြောသာပြောသည် ။ သိပ်မှတ်မိသည် မဟုတ်။ ဖရန်နီက ဂွင် အစားအသောက်ဂရုမစိုက်သဖြင့် ရောဂါရပုံ ပြောပြနေသည် ။ လူး စကားပြန်မပြော။ လက်စတာအကြောင်း ဆောင်းပါးကို အပြီးသတ်နေသည် ။ နောက်ဆုံးစာကြောင်းကိုရောက်နေပြီ။ အရေးကြီးသည့် စာကြောင်း။ သည် စာကြောင်းမှာ ကိုယ့်ဦးတည်ချက်ကို မီအောင်ဖော်ရမည်။ လက်စတာတစ်ယောက် သူ့ကိုယ်သူ အမှို က်တစ်စဘဝမှ လူသားတစ်ယောက်အဖြစ် ပြောင်းလဲခံယူသွားသည့် အပိုင်းကို ရေးရမည်။ လူတစ်ယောက် အသက်ရှူနေသမျှ ကာလပတ်လုံး ဘဝကိုရင်ဆိုင်ရမည်။ ရုန်းကန်ရမည်။ ထိုသို့ ရင်ဆိုင်ရုန်းကန်ရာတွင် စိတ်ဓာတ်ခိုင်မာဖို့ လိုသည် ။ ဒါတွေ ရေးရမည်။ အတွေးစလေး ဖမ်းမိတုန်း အရအမိ မှတ်တမ်းတင်နိုင်အောင် လက်ညှိုးနှစ်ချောင်းကို အစွမ်းကုန်အသုံးချသည် ။ ပြီးတော့ ဆောင်းပါးကို အစမှ အဆုံး တစ်ခေါက်ပြန်ဖတ်ကြည့်နေသည် ။

ဖရန်နီ စိတ်ပျက်လက်ပျက် သက်ပြင်းချသည် ။ လူး သတိရလို့ မော့ကြည့်တော့ ဖရန်နီ စကားသံတိတ်နေပြီ။ အရင်က မကြာခဏတွေ့ခဲ့ရဖူးသည့် ကြေကွဲမှုအရိပ်များကို ဖရန်နီမျက်ဝန်းတွေထဲတွင် တွေ့မြင်နေရ၏။ သို့ဖြစ်လာလျှင် လူးမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တတ်စမြဲ။ လိပ်ပြာမသန့် ဖြစ်တတ်စမြဲ။ လူးက ဖရန်နီ့ပေါင်ကို ပုတ်ကာ ....

“ဘာဖြစ်တာလဲ ပါးချိုင့်လေးရဲ့ ”

“ဘာမှ မဖြစ်ပါဘူး”

ဖရန်နီက လက်ထဲမှ ဂေါ်ပြားကို စိုက်ကြည့်နေ၏။ နှုတ်ခမ်းကို

စူထားဆဲ။ လူးက ပို၍ ညင် သာသောလေသံဖြင့် ...

"ဟ ... ပါးချိုင့်လေးရ၊ ဘာဖြစ်တာလဲ ပြောဦးလေကွာ"

အမျိုးသမီးက လူးအား ရွံ့တွန့်တွန့်ကြည့်လျက် ...

"ကျွန်မတို့ အသက်တွေ မငယ်ကြတော့ဘူး လူး"

အမျိုးသမီးကို စိုက်ကြည့်နေမိ၏။ ဖရန်နီတစ်ယောက် သူ့အိပ်မက်များ အကြောင်း ခုလိုပြောလာတိုင်း လူးမှာ အကျဉ်းအကျပ်တွေ့ရမြဲ။

"ကိုယ်ပြောမယ်၊ နားထောင် ပါးချိုင့်လေး။ မင်းက ဘဝတစ်သက်တာအတွက် ကြီးကျယ်တဲ့ ရေရှည်စီမံကိန်းကြီးတွေချရော၊ နောက်နေ့လည်း ကျရော ထရပ်ကားကြီးတစ်စီးက မင်းကို ဝင်တိုက်သွားရော၊ ကိုယ်ပြောတာယုံ ကလေးမရဲ့ ။ မင်းမယုံရင် ကိုယ့်ကိုယ်ပေါ်မှာ ကားဘီးရာတွေကို ခုထိ သက်သေပြနိုင်ပါသေးတယ်"

လူး တတ်နိုင်သလောက် လိုရင်းတိုရှင်း ရှင်းပြသည် ။

ဖရန်နီ တစ်ခဏအချိန်ယူပြီး သူ့စိတ်သူ ပြန်ထိန်းသည် ။ ခါးဆန့်ပြီး မတ်မတ်ရပ်သည် ။ ပြီးတော့ လူးကို အပြုံးတစ်ရပ် ဖန်တီးပေးသည် ။ ဒါက သူ့အဖို့ မဆန်းတော့။ ဖြစ်နေကျပဲ။ သူက သူ့စိတ်ကူးတွေကို ထုတ်ပြောလိုက်။ လူးက ပယ်ချလိုက်။ နောက်ဆုံး ကိုယ့်စိတ်ကိုယ်ထိန်းပြီး လျှော့ပေးလိုက်။ မဟုတ်လျှင်လည်း လူး စိတ်မကောင်းဖြစ်နေမည်မဟုတ်လား။ တစ်ပတ် နှစ်ကြိမ်လောက် လူးနှင့် တွေ့ခွင့်ရနေခြင်းက လုံးဝမတွေ့ရတာထက် တော်သေးတာပေါ့လေ။

"ရှင့်ဖို့ မနက်စာ သွားယူလိုက်ဦးမယ်နော်"

အပြုံးပွင့်ကို ဆင်ထားလျက်ပင် စားဖိုဆောင်ဘက် ထွက်ခဲ့သည် ။

လူး စိတ်မကောင်း၊ ငါ တုံးလှချည်လားဟု စဉ်းစားသည် ။ သို့ဖြင့် စားဖိုဆောင်ဘက် လှမ်းမေးသည် ။

"ဟေး ... ဖရန်နီ၊ ဘာဟင်းချက်ထားလဲကွ။ ခုချိန်မှာ ကိုယ်က ကြက်တစ်ကောင်လုံး ကြော်ထားလည်း ဝါးပစ်မှာ နော်။ ကိုယ် ဘာကူလုပ်ပေးရဦးမလဲ"

ဖရန်နီ ဘာမျှပြန်မဖြေ။ သည် တော့ လူး မီးဖိုထဲ ဝင်လိုက်သွားသည် ။ ဖရန်နီက မီးဖိုရှေ့မှာ ရပ်လျက်။ ဒယ်အိုးကို မယုံနိုင်သလို ကြည့်နေ၏။ ဒယ်အိုးထဲတွင် မီးသွေးခဲလို မည်းတူးနေပြီဖြစ်သော ကြက်ဥကြော်တွေ။ တူးနံ့ကြောင့် လူးမှာ နှာမွှန်ပြီး ချောင်းဆိုးသည် ။

"ဟေ ... အဲဒါ ဘာဟင်းလဲကွ"

"ကျွန် ... ကျွန်မ မီးဖိုခလုတ်ကို ပိတ်ခဲ့တယ်အောက်မေ့တာ"

စိတ်မချမ်းမြေ့စွာ ပြော၏။ လူးက ဖရန်နီ့တင်ပါးကို လက်ဖြင့်ပုတ်ကာ ...

"အဲဒါကို ရေခဲသေတ္တာထဲ ထည့်ထား လိုက်လေကွာ၊ အေးသွားရင် စားလို့ နိုပ်သွားမှာ ပါ"

ဖရန်နီ လက်ထဲမှ ဂေါ်ပြားဖြင့် ကြက်ဥကြော်တွေ ဆယ်နေ၏။ ဖရန်နီ ကျောခိုင်းထားခိုက် လူး ရေခဲသေတ္တာဖွင့်သည် ။ အထဲမှ အသားညှပ်ပေါင်မုန့်နှစ်လုံးယူပြီး အပေါ်အင်္ကျီအိတ်ထဲ အသာ ထည့်သည် ။ ခုမှ စိတ်ထဲ လွတ်လပ်ပေါ့ပါးသွားသည် ။ အသည်းညှပ်ပေါင်မုန့်က သူစားနေကျအစား အစာလေ။

တခြားဟင်းလျာတွေ ဘယ်လိုနာမည်ပေးထားထား သူ စိတ်မဝင်စား။

"ပါးချိုင့်လေးရေ နေခဲ့ဦးနော်၊ ကြာသပတေးနေ့ကျမှ ကိုယ်လာခေါ်မယ် ဟုတ်လား"

"ဟုတ်ပြီလေ၊ ကြာသပတေးနေ့မှ တွေ့ကြတာပေါ့"

လူးအတွက် အပြုံးတစ်ပွင့် ဖန်တီးပေးလိုက်ရပြန်၏။ မီးဖိုခန်းထဲမှ လူး ထွက်သွားသည် ကို စောင့်နေ၏။ တံခါးပိတ်သံကြားရသည် နှင့် သူ့မျက်နှာပေါ်မှ အပြုံးပွင့် ပျောက်ကွယ်သွားသည် ။ ဘဝဆိုတာ ဒါပဲလား။ သူ့အတွက် ပြုံးပြလိုက်၊ ကိုယ့်စိတ်ကိုယ်ထိန်းလိုက်၊ အချိန်တန်တော့ အိမ်ပြန်လိုက်။ ဖရန်နီ သက်ပြင်းချ၏။ 'ကိုယ့်ခေါင်းပေါ်သို့ မိုးစက်ကလေးတွေ ကြွေဆဲပါ' တေးစကို ဆက်ညည်းနေ၏။

ဖရန်နီ့တေးညည်းသံကို လူး လှေကားခုံပေါ်တွင် ရပ်ရင်း ကြားနေရ၏။ သူက အခန်းနံပါတ် (၃-ခ)တံခါးကို စိုက်ကြည့်နေသည် ။ စိမ်းပြာရောင်မျက်လုံးကလေးများ နှင့် ထပ်ဆုံရအောင် ဖွတ်ဖန်တီးရလျှင် ကောင်းမလား။ စိတ်ထဲ ချီတုံချတုံ ဖြစ်နေသည် ။ သည် အမျိုးသမီး အခန်းငှားဖြစ်သလား သိချင်လိုက်တာ။ ဖရန်နီက သူ့ကို စိတ်ဓာတ်ကျအောင် ဖန်တီးပေးလိုက်၏။ အခန်း (၃-ခ)အကြောင်း စဉ်းစားမိတော့ သူ့စိတ်ဓာတ်တွေ တက်ကြွလာသည် ။ မထူးဘူး။ စွန့်စားလိုက်ဦးမှ ။ တံခါးခေါက်လိုက်၏။ တံခါးဖွင့်ပေးသူမှာ ဂျော့။ လက်ထဲတွင် ငွေလွှဲလက်မှတ်တစ်စောင် ကိုင်လျက်။ ဂျော့နောက်တွင် အမျိုးသမီး ရပ်နေ၏။ ဂျော့ကို အခန်းပြင်သို့ ပြန်ထွက်ခိုင်းဖို့ အသင့်ဖြစ်နေသည့် ပုံ။

လူးက ငွေလွှဲလက်မှတ်ကိုကြည့်ရင်း ပြုံးပြလိုက်၏။

“ဂျော့၊ ကျုပ်သာ ခင်ဗျားဆိုရင် ဘဏ်ကို ချက်ချင်းပြောမှာ ပဲ။ ဒီခေတ်မှာ သတိဆိုတာထားနိုင်မှ တန်ကာကျတာဗျ”

“အင်း …ဟုတ်သဗျ”

ဂျော့ သဘောတူသည် ။ နောက် လူးဘေးမှ ဖြတ်သွားသည် ။ လှေကားထိပ်ရောက်မှ သမင်လည်ပြန် လှည့်ကြည့်လျက် …

“ခင်ဗျားညီမတော် ရှိမီယိုကောဗျ၊ မနက်စာကော စားပြီးသွားပြီလား”

ဂျော့ သူရူးတစ်ယောက်ပမာ တဟားဟားရယ်မောရင်း လှေကားထစ်များ အတိုင်း ဆင်းသွားသည် ။

လူးက အမျိုးသမီးအား မချသွားဖြဲပြုံးပြရင်း …

“ဂျော့က ရယ်ရတယ်နော်”

အမျိုးသမီးက ရယ်လည်း မရယ်၊ ပြုံးလည်း မပြုံး၊ စကားလည်း တစ်ခွန်းမျှ မပြော။ သူ့အားပထမတစ်ကြိမ်တွေ့တုန်းကထက်ပိုပြီး ခင်မင်ရင်းနှီးလာဟန်မပြ။ ဝမ်းလာအယ်လဲ ရှိပုံလည်း မပေါ်။

လူး၏ စိတ်တွေ အပြေးအလွှား အလုပ်လုပ်နေသည် ။ ချဉ်းကပ်ပုံနည်းဗျူဟာ အသစ်ပြောင်းဦးမှ ။ မိတ်ဆွေသစ်ပုံစံမျိုးပေါ့။ အိမ်နီးနားချင်းပုံစံမျိုးပေါ့။

“အေးဗျာ၊ ခင်ဗျား ဒီပတ်ဝန်းကျင်ကလေးကို သဘောကျသွားမယ်လို့ ကျွန်တော် ယုံပါတယ်။ ဘာမှ စိတ်မပူနဲ့ သိလား။ ဒီလမ်းထိပ်မှာ စူးဖောင်ဆိုတဲ့ တရုတ်စားသောက်ဆိုင် ရှိတယ်။ ၈၇ လမ်းထိပ်မှာ ရှိတဲ့ ဆစ်ဒ်စားသောက်ဆိုင်က အသားညှပ်ပေါင်မုန့်ကတော့ ဆွေမျိုးမေ့လောက်အောင် ကောင်းတာဗျ”

“အရမ်းကောင်းမှာ ပဲနော်”ဟု အမျိုးသမီးက မရိုင်းရုံပြော၏။

သည် မိန်းကလေး သူ့ကို နှင်ချင်နေပြီဖြစ်ကြောင်း လူး သိ၏။ သို့သော် သူက စကားဆက်ပြောနေမိ၏။ သူ့လျှာသူ ထိန်းလို့ မရ။ ရေချိုးခန်းဘက်သို့ လက်ညှိုးထိုးကာ…

“အဲ … အဲဒီအထဲက ရေအိမ်ကိုတော့ သတိထားဗျ။ ရေအိမ်က ရေလွှတ်ကြိုးကို ဆွဲလိုက်ရင် အသံမျိုးစုံ ထွက်လာတတ်တယ်။ ကျွန်တော့်အခန်းက ရေအိမ်အတိုင်းပဲ။ ဒါလည်း ဂျော့က မကြာခင် ပြင်ပေးမှာ ပါ”

“သူ ဘဏ်က ငွေထုတ်ပြီးပြီးချင်းပေါ့ ဟုတ်လား”

လူး ဟက်ခနဲ ရယ်လိုက်ရ၏။

“ဟေး .. ဘဏ်ကိစ္စ ကျွန်တော် စောစောက ပြောတာက နောက်တာပါနော်”

“ကျွန်မ သိပါတယ်”

နှစ်ယောက်သား တံခါးပေါက်ရှေ့တွင် ရပ်နေကြ၏။ အမျိုးသမီး၏ လက်တစ်ဖက်က တံခါး လက်ကိုင်ဘုပေါ်မှာ ။

“ကျွန်မ တံခါးပိတ်လို့ ဖွင့်လို့ မှ ကောင်းရဲ့ လား၊ စမ်းကြည့်ရဦးမယ်”

လူး နောက်ကျသွားပြီ။ သူ သတိရလိုက်ချိန်တွင် တံခါးပိတ်သွားပြီ။ သူက အကြောင်သား ရပ်ကျန်ခဲ့၏။ အမျိုးသမီး သူ့ကို ပြောင်ပြောင်တင်းတင်း နှင်ထုတ်လိုက်ပြီ။ ခံလိုက်ရပြန်ပြီပေါ့။ သူသည် ငတုံးတစ်ယောက်ဆိုတာ အမျိုးသမီးကို သက်သေထူပြလိုက်မိပြန်ပြီ။ ခုတော့ အမျိုးသမီး ယုံကြည်စိတ်ချသွားလောက်ပါပြီ။ သူသည် ငတုံး။

ငတုံးမှ တစ်ကြိမ်တစ်ခါတုံးခြင်းမဟုတ်။ နှစ်ကြိမ်နှစ်ခါ။

လေ့ကားမှ ဆင်းခဲ့၏။ နေနှင့် ဦး မရွှေချော။ ကိုယ့်ကို စကားမပြောချင်ဘူးပေါ့။ မပြောချင် နေလေ။ ကိုယ်က စာလှမ်းရေးမှာ ၊ သိလား။ ဟိုက် ... စားလှမ်းရေးရအောင် သူ့နာမည်မှ ငါမသိရသေးတာ။ အဲဒါမှ ဒုက္ခ။

* * *

ဆာရာဂန့် တံခါးရွက်နားကပ်ပြီး နားစွင့်နေ၏။ လေ့ကားထစ်များ အတိုင်း ဆင်းသွားသည့် လူး၏ ခြေသံများ တဖြည်းဖြည်းတိုးပြီး ပျောက်ကွယ်သွားသည် အထိ စောင့်နေသည် ။ အင်း ...ခုမှ ပဲ လွတ်လွတ်လပ်လပ် တစ်ယောက်တည်းနေခွင့်ရတော့သည် ။ သူ့အနားမှာ ရှုးပေါပေါတွေမရှိတော့။ ဒေးဗစ်လည်း မရှိတော့။ ခုမှ လိုအင်ဆန္ဒပြည့်ဝတော့သည် ။ သူ့မှာ ပုန်းကွယ်ခိုအောင်းစရာ နေရာ လေးတစ်နေရာ ရပြီ။

ညှော့ခန်းထဲ လျှောက်သွားသည် ။ အရောင်လွင့်ပြယ်စ လိမ္မော်ရောင် နံရံကပ်စက္ကူများကို ငေးကြည့်နေ၏။ ပြီးတော့ ဗီရိုဟောင်းကြီးကို ကြည့်၏။ တစ်ကိုယ်တည်း ပြုံးမိသည် ။ အခန်းကတော့ စုတ်စုတ်ပြတ်ပြတ်ပင်။ ဒေးဗစ်သာတွေ့လျှင် တအံ့တဩ ဖြစ်နေပေလိမ့်မည်။ သို့ပေမဲ့ ဘာဖြစ်သေးလဲ။ ဂရုစိုက်စရာ မရှိ။ ဒေးဗစ်နှင့် မှ မဆိုင်တော့ဘဲ၊ ပြီးခဲ့ ပြတ်ခဲ့ပြီလေ။

တစ်ခါ တစ်ခါ လောကဓံတရားက ရက်ရက်စက်စက် ကျီစားလွန်းသည် ။ လူတစ်ဦး လုံးဝမမျှော်လင့် မထင်မှတ်သည့် အခိုက်အခါမျိုးမှာ မှ သူက အကျီစားသန်တတ်သည် လေ။

တစ်နေ့ ဇာတ်တိုက်နေဆဲတွင် သည် ဖြစ်ရပ်ကလေး ပေါ်ပေါက်ခဲ့သည် ။ သူ့ရင်တွင်းမှာ တနုံ့နုံ့ ဖြစ်နေရသည့် ဖြစ်ရပ်ကလေး။ ထိုနေ့က မနက်ပိုင်းမှ စပြီး တစ်ချိန်လုံး အားသွန်ခွန်စိုက် လေ့ကျင့်နေသည် ။ မွန်းလွဲပိုင်းလောက်ရောက်တော့ သူ့တင်ပါးဆုံရိုးဆီမှ မျက်ခနဲ ဖြစ်သွားသည် ။ သည် ဝေဒနာက တင်ပါးဆီမှ သည် ခြေထောက်များ ဆီထိ စီးဆင်းသွားသည် ။ ပင်ပန်းလွန်းလို့ လား၊ သို့မဟုတ် အကြောထုံးသွားတာလားဟု စဉ်းစားသည် ။ သည် နှစ်လ သုံးလအတွင်း သူသည် အပြင်းအထန်လေ့ကျင့်ခဲ့သည် ။ ခုလို တစ်ကြိမ်မျှ အားမထုတ်ခဲ့စဖူး။ ဘာကြောင့် ဆို ဇာတ်က သူ့ဇာတ်ဖြစ်နေသည် ။ သူ့အတွက် ရေးပေးထားသော ဇာတ်။ ကကွက်တွေက အရမ်းခက်သည် ။ သူ ကခဲ့ဖူးသည့် ကကွက်တွေနှင့် လားလားမျှမတူ။ နောက်လေးရက်ဆို လင်ကွန်းဗဟိုကပွဲရုံကြီးတွင် တင်ဆက်ကပြရတော့မည်။

သည် ဝေဒနာ ပေါ်ပေါက်မလာခင်ကဆို တော်တော်ပျော်သည် ။ ပင်လည်း ပင်ပန်းသည် ။ ခဲရာခဲဆစ် ကကွက်တွေကိုမာန်မဲပြီး မရအရ ကရသည် ကိုက ရင်ဖိုကြည်နူးစရာ။ နောက်ပြီး သူက ကရင်း ကရင်း အရှိန်အဟု န်ကို မြှင့်ယူတတ်သူ။ သူ့မှာ ရှိသရွေ့ အရည်အချင်းများကို အကုန်ညှစ်ထုတ်ပြီး အနုပညာစွမ်းရည် အထွတ်အထိပ်ရောက်သည့် တိုင် ရေကုန်ရေခန်း အားထုတ်တတ်သူ။ ပထမတော့ အကြောထုံးတာများ လားဟု ထင်ခဲ့သည် ။ အကြောထုံးတာလောက်ဆိုလျှင်တော့ မမှု။ မဖြစ်ဖြစ်အောင် ကမည်ဟု သန္နိဋ္ဌာန်ချထားသည် ။ အရင်တုန်းကလည်း ခုလို ဒဏ်ရာအနာတရ တွေ့ကြုံခဲ့ဖူးသားပဲ။ သည် ကြားထဲက အဖြစ်မနေ ကြိုးပမ်းခဲ့သည် ချည်း၊ ကျော်လွှားအောင်မြင်ခဲ့သည် ချည်း။

သို့ပေမဲ့ ခုဟာက အကြောထုံးလို့ နာကျင်တာမျိုးမဟုတ်။ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးလာသည် ။ သည် ဝေဒနာဒဏ်ကို ကျော်လွှားနိုင်အောင် လုပ်နေရတာနှင့် သူ့မှာ ခြေကုန်လက်ပန်းကျ ကျနေသည် ။ နောက်ပြီး ရင်ထဲမှ သောကတွေကလည်း သူ့ကို ဖိစီးနှိပ်စက်နေပြီလေ။ စိုးရိမ်ပူပန်စိတ်တွေ ဝင် လာပြီဆိုကတည်းက စိတ်ဓာတ်တိုက်ပွဲမှာ ကိုယ်က တစ်ပန်းရှုံးနေပြီပေါ့။ ဆရာဝန်ကိုလည်း သွားမပြချင်၊ မပြဝံ့။ သည် လောက် ဆိုးဆိုးရွားရွားကြီး ဟုတ်မှာ မဟုတ်ပါဘူးလေ။ သူ့ ဘဝမှာ ဘယ်ကိုမျှ မယုံရဲ။ ယုံနေရလောက်အောင် အချိန်မရှိ။ ပင်ပင်ပန်းပန်း အားထုတ်ကြိုးပမ်းခဲ့ရသည့် ဘဝလမ်းခရီးက ရှည်လျားကြမ်းတမ်းလွန်းလှသည် ။ တကယ်လို့ များ သူဆက်မကနိုင်တော့ဘူးဆိုလျှင် လောကဓံတရားက သူ့ကို အကြင်နာမဲ့စွာ ဟားတိုက်လှောင်ပြောင်ပေတော့မည်။

ဆာရာ အတွေးစများကို ပြန်လည်စုစည်းလိုက်၏။ ကိုယ့်စိတ်ကိုယ် ထိန်းသည် ။ ‘ဇာတ်တိုက်ဖို့ သွားရဦးမည်မဟုတ်လား။ ဇာတ်ကတော့ ကဖြစ်အောင် ဆက်ကရမယ်’ ဟု ဆာရာ အသံထွက်ရေရွတ်သည် ။ ပြီးတော့ တစ်ကိုယ်တည်း ရယ်မောမိသည် ။ သည် စာသားကလေးကို ဘယ်သူ့ ဆီက ရလိုက်သလဲဆိုတာလည်း သူသိသည် ။

ချာလီလေ၊ လေးစားမြတ်နိုးရသော ချာလီဆီကပေါ့။ စင်စစ် ချာလီကို လူကိုယ်တိုင် မတွေ့ အမြင်ဖူးလိုက်။ သူနှင့် လူချင်းဆုံစည်းခွင့်မရမီ ချာလီတို့ ကဇာတ်အဖွဲ့က နယ်ကူးသွားသည် ။ ချာလီတို့ အဖွဲ့ သူတို့ မြို့မှာ လာကသောရက်သတ္တပတ်လုံးလုံး ချာလီသည် သူ့မေမေနှင့် အတူ နေသွားသည် ။ မေမေက ချာလီ၏ ကြော်ငြာဓာတ်ပုံတွေကို သိမ်းထားသည် ။ ချာလီကို ဆာရာမြင်ဖူးသည်

မှာ အဆိုပါကြော်ငြာဓာတ်ပုံတွေမျှသာ ဖြစ်၏။

ဘာပဲဖြစ်ဖြစ် ချာလီကို ဆာရာ မြတ်နိုးနေသည် ။ ကျေးဇူးတင်နေသည် ။ ဘာကြောင့် ဆို ချာလီ သူ့မေမေနှင့် နှစ်ပတ်လုံးလုံး အတူနေသွားသဖြင့် သူ့ကို သန္ဓေတည်မွေးဖွားလာသည် မဟုတ်လား။ နောက် သူကြီးလာလို့ ချာလီဓာတ်ပုံတွေကို ကြည့်ရှုလေ့လာခွင့်ရတော့ ချာလို့အပြုံးတစ်ရပ်ကို ဖမ်းဆုပ်မိသည် ။ ဓာတ်ပုံတွေထဲတွင် ချာလီက ကင်မရာကို တည့်တည့်စိုက်ကြည့်နေသည် ။ လက်တစ်ဖက်ဖြင့် ဦးထုပ်ကို ဝှေ့ယမ်းပြနေသည် ။ ထူးခြားချက်က သူ့အပြုံး၊ သူ့အပြုံးက နှုတ်ခမ်း မှ ဖြစ်လာသော အပြုံးမျိုးမဟုတ်၊ မျက်လုံးများမှ ဖြစ်ပေါ်လာသော အပြုံး။ သည် မျက်လုံးအပြုံးကို ဖေဖေချာလီထံမှ သူအမွေရလိုက်ကြောင်း ဆာရာ သိနေသည် ။ သည် အသိက သူ့ကို အားရှိစေသည် ။ အားတက်စေသည် ။ သည် အသိက လောကဓံတရား၏ နှိပ်စက်ကလူပြုမှုကို ခံစားရတိုင်း ဆာရာကို ခွန်အားတွေပေးသည် ။ လောကဓံတရားကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း ဟားတိုက်ရယ်မောနိုင်စွမ်းရှိအောင် ဖန်တီးပေးသည့် အသိ။

ဆာရာ မီးလင်းဖိုပေါင်ပေါ်ရှိ ပန်းအိုးထဲမှ ပလတ်စတစ်ပန်းတွေကိုယူပြီး အမှိုက်ခြင်းထဲ ထည့်သည် ။ ပြီးတော့ သူ့လွယ်အိတ်ထဲမှ ပိုက်ဆံအိတ်ကလေးကို ယူသည် ။ ပိုက်ဆံအိတ်ထဲတွင် အမြဲဆောင်ထားသည့် ချာလို့ဓာတ်ပုံကလေးကို ထုတ်ယူပြီး မီးလင်းဖိုပေါင်ပေါ်တွင် ထောင်ထားလိုက်သည် ။ သူက ပြုံးနေသော ချာလို့မျက်လုံးများကို စိုက်ကြည့်နေ၏။

“နောက်မှ တွေ့မယ်နော်” ဟု ပြောရင်း ချာလီကို ပြန်ပြုံးပြလိုက်၏။

နောက်လွယ်အိတ်ကို ပခုံးတွင် ကောက်ချိတ်ပြီး အခန်းထဲမှ ထွက်ခဲ့၏။

* * *

သတင်းစာတိုက် ရုံးခန်းတံခါးကို တွန်းဖွင့်လိုက်သည် ။ အထဲမှ လက်နှိပ်စက်ရိုက်သံများ ၊ လျှပ်စစ်သတင်းပို့စက်အသံများက လူး၏ ခေါင်းကိုက်ဝေဒနာကို ပိုသည်းလာစေ၏။ စိမ်းပြာရောင် မျက်လုံးကလေးများကတော့ သူ့အတွေးထဲမှာ တလည်လည်။ တကယ်က သူ မိုက်ဟောင်းလောင်း ဖြစ်နေပြီ။ ခြေကုန်လက်ပန်းကျနေပြီ။ မှုန်ကုပ်ကုပ်ဖြစ်နေပြီ။ သတင်းထောက်များ ၏ စားပွဲများ ဟို ဘက်သည် ဘက် တန်းစီနေသည့် မင်းလမ်းအတိုင်း လျှောက်ဝင်လာသည် ။ တချို့ကို နှုတ်ဆက်သည် ။ သူ့အား ရှုတည်တည်ကြည့်နေသည့် အတင်းအဖျင်း သတင်းဆောင်းပါးရှင်ကိုတော့ လူး ဘုကြည့် ပြန်ကြည့်ပစ်လိုက်သည် ။

ရိုင်ယန် သူ့ကုလားထိုင်ထဲ ကျုံ့ဝင်သွားသည် ။ လူး စိတ်လျှော့လိုက်သည် ။ ပြီးတော့ ‘ဂျက် ဂတ်ဖီ၊ အယ်ဒီတာချုပ်’ ဟု ဆိုင်းဘုတ်ကပ်ထားသည့် အခန်းကို တံခါးခေါက် ဝင်ခွင့်မတောင်းဘဲ တန်းဝင်ခဲ့၏။

ဂတ်ဖီ သူ့စားပွဲတွင် ထိုင်နေ၏။ သတင်းတစ်ပုဒ်ကိုဖတ်ရင်း မြေပဲလှော် စားနေသည် ။ သည် လူက မြေပဲလှော် တော်တော်ကြိုက်သည် ။ မြေပဲလှော် စားနေခြင်းဖြင့် သူ့လက်တွေကို အလုပ်ပေးထားသည် ။ သည် နည်းဖြင့် ဆေးလိပ်ဖြတ်ခဲ့သည် ။ ဂတ်ဖီ ဆေးလိပ်ဖြတ်လိုက်တာကို လူး တော်တော်အမြင်ကပ်နေသည် ။ အရင်ကဆို သူတို့ နှစ်ယောက်၏ သောက်နှုန်းမှာ တစ်နေ့လျှင် ကုလားအုပ်ဆေးလိပ် တစ်ဘူးစီ။ တစ်ခါတလေ နှစ်ဘူးများ တောင်

ကုန်တတ်သည် ။ ခုတော့ ဂတ်ဖီက လူးကို ကျန်းမာရေး ပညာပေးတရားတွေဟောနေပြီ။ စင်စစ် လူးလည်း ဆေးလိပ်ဖြတ်ဖို့ ကြိုးစားနေသည် ။ သို့ပေမဲ့ ဂတ်ဖီကို ပြောမပြ။ သည် ငနဲကို အမြင်ကပ်သည် ။ သူ ကျေနပ်နှစ်သိမ့်သွားမည့် စကားမျိုး မပြောချင်။

ဂတ်ဖီ မော့ကြည့်သည် ။ အိပ်ရေးပျက်လွန်းသဖြင့် နီရဲနေသောမျက်လုံးများကို လက်ခုံဖြင့် ပွတ်သည် ။

လူးက လက်နှိပ်စက်ရိုက်ထားသောစာမူကို ဂတ်ဖီ စားပွဲပေါ် ပစ်ချသည် ။ နောက်ပြတင်းပေါက်နားရှိ ကော်ဖီဖျော်စက်ဆီသို့ သွားသည် ။

"တစ်ပုဒ်က ဆောင်းပါး၊ နောက်တစ်ပုဒ်က အလွန့်အလွန်အရေးကြီးတဲ့ မီးသတင်း၊ မီးသတင်းကို ဖတ်ကြည့်၊ ပြီးရင် ကိုယ်လစ်မယ်၊ မနက်စာ မစားရသေးဘူး"

စက်ထဲမှ ကော်ဖီတစ်ခွက် ထည့်သည် ။ တစ်ကျိုက် ကျိုက်ချသည် ။ မျက်နှာရှုံ့မဲ့သွားသည် ။ အသုံးမကျလိုက်သည့် ကော်ဖီ။

"ဒီသတင်းကို တစ်ယောက်ယောက်ကတော့ ရေးရမှာ ပဲ လူး"

ဂတ်ဖီ မြေပဲခွံခွာရင်းပြောတော့ လူး ဒေါသတွေ ပေါက်ကွဲသွားသည် ။

"သိပ်ဟုတ်တာပေါ့၊ ဒါပေမဲ့ အဲဒီတစ်ယောက်ယောက်ဟာ ကိုယ် မဟုတ်ဘူး ကွ။ ကိုယ် နှစ်ပေါင်းများ စွာ ဒယဉ့်တိုက်ပြီး ဒီသတင်းတွေနောက် လိုက်ခဲ့ပြီးပြီ။ ဘာဖြစ်လို့ ဒီအလုပ်ကိုမလုပ်တော့တာလဲဆိုတာ မောင်ရင်အသိ၊ ဒီသောက်သတင်းတွေ ကိုယ်မှ မရေးချင်ဘဲ"

ဂတ်ဖီ သက်ပြင်းချသည် ။

"ဒီတော့ မောင်ရင်က ကိုယ့်ကို ဘယ်လိုလုပ်စေချင်လို့ လဲ။ ဝါရှင်တန်ပို့စ်က ကော့စလိုကို ခေါ်ပြီး သတင်းလိုက်ခိုင်းစေချင်လို့ လား"

"ဟော့လူ၊ သတင်းကိုပဲ ဖတ်စမ်းဗျာ"

လူး ဆိုဖာတစ်လုံးပေါ် ပစ်ထိုင်၏။ ခြေနှစ်ချောင်းကို စားပွဲပုလေးပေါ်ဆန့်တင်ပြီး မျက်စိတွေ စုံမှိတ်ထားသည် ။ သူ့ခေါင်းပေါ်တွင် ဘောလုံးအသင်းတစ်သင်း အကြိတ်အနယ် ကစားနေသည့် နှယ် ခံစားနေရ၏။

သတင်းကိုဖတ်ရင်း ဂတ်ဖီ့မျက်နှာ ရှုံ့မဲ့နေသည် ။ လူးဖရီလန်ဒါ၏ အဆင်ကွဲ လက်ရာတစ်ပုဒ်။ ဘဝအကြောင်း တစေ့တစောင်း ဆောင်းပါးဆန်ဆန်သတင်း။ သတင်းတစ်ပုဒ်လုံးတွင် အရေးကြီးသည့် အချက်အလက်များ မပါ။ လက်ထဲမှ ခဲတံအနီကို စိတ်ပျက်လက်ပျက် ပစ်ချသည် ။

"မီး သ တ င်း ထဲ မှာ ဒီလက်စတာအက်ဒယ်မင်ဆိုတဲ့ ကောင်ကြီးနဲ့ သူ့ဘဝနောင်ရေးတို့ ၊ လျှပ်စစ်မီးဖိုတို့ က ဘာဆိုင်လို့ လဲကွ"

လူး မျက်စိတွေ ဆက်မှိတ်ထားလျက် ...

"ဘာမျှမဆိုင်ဘူး၊ မီးသတင်းနဲ့ တော့ မဆိုင်ဘူး"

ဂတ်ဖီ တစ်ချက်ညည်း၏။

"ကိုယ်တို့လိုချင်တာ မီးနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကွ"

လူး မျက်လုံးတွေကိုပိုပြီး တင်းတင်းမှိတ်လိုက်၏။

ဂတ်ဖီ့မျက်ခွက်ကြီးကို မမြင်ချင်။

ဂတ်ဖီ စိုက်ကြည့်နေ၏။ လူး အိပ်ပျော်နေပြီလား မသိ။

“လူး ဟေ့လူး၊ မောင်ရင် ကိုယ်ပြောကိုရော နားထောင်နေရဲ့ လား”

လူးက အချက်အလက်များကို ကျောင်းစာ ရွတ်သလို ရွတ်ချပြသည် ။

“မီးလောင်တာ ၁၆၈ လမ်းမှာ ၊ မနက်လေးနာရီ ရှို့မီးဖြစ်နိုင်တယ်။ ခုချိန်ထိ တရားခံမတွေ့သေးဘူး။ ကဲ မောင်ရင် လိုချင်တဲ့ အချက်အလက်တွေလေ”

ဂတ်ဖီ သက်ပြင်းမှုတ်ရင်း သတင်းဇာတ်လမ်းကို အသစ်ပြန်ရေးဖို့ ခဲတံကောက်ကိုင်သည် ။

* * *